မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊၂၀၀၆ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၁၀၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မူးယစ်ဆေးဝါးပြဿနာ ကမ္ဘာတစ်ဝန်းလုံးနှင့်ဆက်နွှယ်နေသော အန္တရာယ်ဆိုးကြီးဖြစ် နိုင်ငံတိုင်းမိမိတို့မြေပေါ်မှလုံးဝပပျောက်သွားအောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်တိုက်ဖျက်နေ မိမိတို့နိုင်ငံ၌ထုတ်လုပ်မှု၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးနည်းဗျူဟာများချမှတ် ပန်းတိုင်သစ်စီမံကိန်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာလျော့နည်းကျဆင်း အမေရိကန်နိုင်ငံ စီအင်န်စီနှင့် ဘိန်းအထွက်နှုန်းတိုင်းတာရေးက ကောက်ယူခဲ့သည့်စာရင်းအရ

မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအောင်မြင်မှုရှိသည်ကိုအခိုင်အမာပြဆိုလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေး(၁/၂၀၀၆)ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်နေရသည်ဖြစ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပါ အဆက်အစပ်ရှိရှိ ဆောင်ရွက်သွားရန်ဖြစ်။

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၆) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

တန်ဖိုးရှိသည့်အချိန်ကို အကျိုးရှိရှိအသုံးချ

လူ့ဘဝသက်တမ်းကို မြန်မာတို့သည် ယေဘုယျအားဖြင့် အရွယ်သုံးပါး ပိုင်းခြားသတ်မှတ်ထားပြီး အရွယ်အလိုက် လုပ်ဆောင်သင့်သည့် တာဝန်ဝတ္တရားများအနေဖြင့် ပထမအရွယ်တွင် ပညာရှာရမည်။ ဒုတိယအရွယ်တွင် ဉစ္စာရှာရမည်။ တတိယအရွယ်တွင် တရားဘာဝနာပွားများအားထုတ်ရမည်ဟူ၍ ညွှန်ပြထားသည်။

ပထမအရွယ်တွင် ပညာကို ပြည့်စုံအောင်ရှာဖွေနိုင်မှသာ ဒုတိယအရွယ် ဉစ္စာရှာရာတွင် အဆင်ပြေ ချောမွေ့မည်ဖြစ်သည်။ ဉစ္စာကို ပြည့်စုံအောင်ရှာနိုင်လျှင် တတိယအရွယ်တွင် မတောင့်မတ မကြောင့်မကြဖြင့် တရားဘာဝနာပွားများ အားထုတ်နိုင်မည်ဖြစ်သည်။

လူ့ဘဝသက်တမ်းတစ်လျှောက် တိုးတက်ကြီးပွားစေရန် ပထမအရွယ်လူငယ်ဘဝသည် အရေးအကြီးဆုံးဖြစ်သည်။

ကျောင်းစာကျက်မှတ် လေ့လာရမည့်အချိန်တွင် အပျော်အပါးလုပ်ငန်းများဖြင့် အချိန်ကို အလဟဿ မဖြုန်းတီးသင့်ပေ။

တန်ဖိုးရှိသည့်အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ရန်လိုပေသည်။ လူငယ်များသည် အချိန်ဇယား ရေးဆွဲထားရှိပြီး ပညာရေးအတွက် နံပါတ်(၁)အနေဖြင့် အဓိကထား အချိန်ပေးရမည်။ ထို့နောက် ကျန်းမာရေးအတွက် တစ်နေ့လျှင် ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်ခုခုကို ပြုလုပ်သင့်သည်။ သွေးပူလေ့ကျင့်ခန်း တစ်ခုခု သို့မဟုတ် နာရီဝက်ခန့် လမ်းလျှောက်ရပါမည်။ သို့မှသာကျန်းမာရေးအတွက် အထောက်အကူလည်းရ သွေးလှည့်ပတ်မှုမှန်ကန်ပြီး ဉာဏ်လည်း ရွှင်လာမည်ဖြစ်သည်။

တစ်မိနစ်ကလေးဆုံးရှုံးသွားရသည်ကို ထာဝရအားဖြင့် အစားထိုးမရပါဟု အဆိုရှိသည်။ တစ်မိနစ်ဆိုသည့်အချိန်မှာ အချိန်ယန္တရား ပမာဏအနေဖြင့် အလွန်တရာနည်းပါးသော်လည်း ဘဝတစ်ခုလုံး အပြောင်းအလဲကို ရင်ဆိုင်ရနိုင်သည်။ လူငယ်ဘဝတွင် အကျိုးရှိစေသည့် အချိန်ကို စနစ်တကျ အသုံးချနေမည်ဆိုပါက ဘဝတစ်ခုလုံးအတွက် ပြည့်စုံလာမည်ဖြစ်သည်။

အချိန်သည် ငွေ (Time is Money)၊ အချိန်နှင့်ဒီရေသည် လူကိုမစောင့် (Time °and Tide waits for no man) ဟူသော စကားပုံများရှိသည်။ အချိန်ကိုအကျိုးရှိရှိ အသုံးချ၍ ချမ်းသာပြည့်စုံသွားသည့်သူများ ရှိနေကြသည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာ၌ နည်းပညာ၊ အတတ်ပညာများ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်။ တိုးတက်လာသည့် နည်းပညာ၊ အတတ်ပညာများကိုအသုံးချပြီး ခေတ်နှင့်အမီ လိုက်နိုင်ရန် လူငယ်များတွင် တာဝန်အရှိဆုံးဖြစ်သည်။ လူငယ်တိုင်း အချိန်ကို မဖြုန်းဘဲ အကျိုးရှိရှိ အသုံးချသွားကြပါက အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်သာ ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဩဂုတ် ၃ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Chen Yuan ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (ဘဏ္ဍာ/အခွန်)

မြဝတီရုပ်မြင်သံကြား

၆-၈-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဆရာတော် ဦးဃောသိတ တရားတော် **"မြန်မာပြည်သား အရှင်ပုဏ္ဏ"**

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"သူမ ဘယ်သူလဲ"**
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၅၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	အမေးကမ္ဘာတွေးစရာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၂။	လျှပ်တစ်ပြက်
၆း၄၅	၁၃။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁၄)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၃ ရက်က ကြားတောရ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အစဉ်နောင်အမှန်မြဲမယ် ရေလျှောင်တမံရဲနွယ်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	ဆန်းသစ်လှပ ရော်ဘာရွက်ပန်းအလှ
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	Sunday Talk (မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ကာဗွန်ဒိုင်အောက်ဆိုဒ် အခဲရေခဲခြောက်
၉း၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	စားကောင်းမယ့် ထမင်းတစ်လုတ်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း
၁၀း၄၅	Myanmar Video Rhythm
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	ရော်ဘာစိုက်ပျိုးပြည်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

● *ကျော်ဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်အတူ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား စီမံကိန်းရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံတိုးချဲ့တည်ဆောက်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏နောက်ခံအကြောင်း၊ တိုးချဲ့ပြုပြင် တည်ဆောက်မှုများ၊ လေဆိပ်အဆောက်အအုံတိုးချဲ့မှု၊လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပြီးစီးရေး ရည်မှန်းချက်နှင့် လုပ်ငန်းအချိန်မီ ပြီးစီးရေးအတွက် ကြိုးကြပ် ကွပ်ကဲဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက်အေရှားဝေါလ်ကုမ္ပဏီလီမိတက်(Asia World Co., Ltd.) ဒါရိုက်တာ ဦးသန်းမြင့်က လေဆိပ်အဆောက်အအုံတိုးချဲ့တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ အေရှားဝေါလ်ကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးနေလင်းက လုပ်ငန်းတစ်ခုချင်းအလိုက် ပစ္စည်းများရရှိမှု၊ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်းနှင့် စပ်လျဉ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း နောက်ခံအကြောင်း၊လေယာဉ်ပြေးလမ်းဆိုင်ရာ အချက်အလက်များ၊ ယခင်က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခဲ့မှု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လေယာဉ်ပြေးလမ်းတိုးချဲ့မှု ဆက်လက် ဆောင်ရွက်ခြင်းနှင့် လေယာဉ်ပြေးလမ်း၏ စံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂) ရန်ကုန်မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်က လေယာဉ်ပြေးလမ်း မြေဖို့ပြီးစီးမှု၊ ပြေးလမ်းတာပေါင် မြေဖို့ခြင်း ကြိတ်ခြင်း၊ ရှစ်လက်မထု အောက်ခံဘိလပ်မြေကွန်ကရစ် ဒုတိယအခြေခံလွှာခင်းခြင်း၊ ၁၄လက်မထု အောက်ခံဘိလပ်မြေ ကွန်ကရစ် အခြေခံလွှာခင်းခြင်း၊ ငါးလက်မထု ကတ္တရာကွန်ကရစ် အေစီခင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း စသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဟန်ချက်ညီဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အဆင့်မီလေဆိပ်ဖြစ်သည်နှင့် လျော်ညီစွာ သန့်ရှင်းလှပရေးအတွက် လေဆိပ်နှင့် လေဆိပ်အဝင်လမ်းဘယ်ညာတွင် ပန်းအလှပင်များစိုက်ပျိုးရေး၊ လေယာဉ်များ စိတ်ချလုံခြုံစွာ ဆင်းတက်နိုင်ရေးအတွက် တိုးချဲ့ တည်ဆောက်ထားသည့် လေယာဉ်ပြေးလမ်းသစ်ကို စံချိန်စံညွှန်းမီစွာတည်ဆောက်ပြီး အန္တရာယ်ဖြစ်နိုင်သည်များ လုံးဝကင်းရှင်းရေး၊ တိုးချဲ့လေယာဉ်ပြေးလမ်း၌ ညဘက်လေယာဉ်အဆင်းအတက်တွင် လိုအပ်သော အချက်ပြမီးများ အချိန်မီရရှိရေး၊ အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံပြီးစီးချိန်တွင် တိုးချဲ့လေယာဉ်ပြေးလမ်းပါ အချိန်မီပြီးစီးအောင် ဟန်ချက်ညီ ဆောင်ရွက်ရေးစသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့အဆောက်အအုံမှာ အလျား၈၃၂ပေ၊ အနံ၂၀၆ပေရှိပြီး အဆောက်အအုံတွင်လေယာဉ်ဆိုက်ကပ်ရန် ပေါင်းကူးတံတားလေးခု၊ ဓာတ်လှေကားငါးစင်း၊ ရွေ့လျားစက်လှေကားသုံးစင်းနှင့်အရေးပေါ် လှေကားစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးလုံခြုံရေးစနစ် စသည့်ခေတ်မီနည်းစနစ်များ ထည့်သွင်း တည်ဆောက်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလတွင် ပြီးစီးရေးအတွက် ရည်မှန်းတည်ဆောက်လျက်ရှိသည်။

တိုးချဲ့ပြေးလမ်း

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏မူလပြေးလမ်းမှာ အရှည်ပေ၈၁၀၀၊ အကျယ် ပေ၂၀၀ ရှိပြီး တိုးချဲ့တည်ဆောက်လျက်ရှိသည့် ပြေးလမ်းအရှည်မှာ ပေ၃၁၀၀နှင့် အကျယ်ပေ၂၀၀ ဖြစ်သည်။ တိုးချဲ့ပြေးလမ်းပြီးစီးပါက ပြေးလမ်း အရှည် ပေ၁၁၂၀၀နှင့် အကျယ် ပေ၂၀၀ရှိမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် ရှင်းလင်းဆောင်၌ ပြသထားသော လေဆိပ်တိုးချဲ့အဆောက်အအုံ ပုံစံငယ်နှင့် လေဆိပ်တိုးချဲ့ အဆောက်အအုံ၌ တပ်ဆင် အသုံးပြုမည့် ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် လေဆိပ်တိုးချဲ့ အဆောက်အအုံ၌ ဆောင်ရွက်လျက်ရှိသည့် လေအေးပေးစနစ်၊ လျှပ်စစ်မီးပေးမှုစနစ်၊ မျက်နှာကြက်တပ်ဆင်မှု၊ ကြမ်းခင်း ကြွေပြားများတပ်ဆင်မှု၊ အပူရှိန်ထိန်း အမိုးမှန်ပြားတပ်ဆင်မှု၊ အလိုအလျောက် ရေဖျန်းမီးသတ်စနစ်နှင့်ရွေ့လျားစက်လှေကား တည်ဆောက် တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မူလလေယာဉ်ပြေးလမ်း၏ မြောက်ဘက်ထိပ်၌ ဆောင်ရွက်လျက်ရှိသည့် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုနှင့် လေယာဉ်ကွေ့ရန်နေရာ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

နယ်စပ် / စည်ပင် ဗဟိုလေ့ကျင့်ရေးသင်တန်းများဆင်း

ရန်ကုန် ဩဂုတ် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယနေ့ညနေ ၄နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၁)၊ အခြေခံအင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၉)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၁)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၄၂)နှင့် (၄၃) သင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။ (အောက်ပုံ)

အဆိုပါ သင်တန်းဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်းက "မြို့ရွာများအမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်"ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရမည့် တည်ဆောက်ပြုပြင်လုပ်ငန်းများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန်၊ အိမ်တွင်းမှုအတတ်ပညာဖြင့် နယ်စပ်ဒေသတိုင်းရင်းသူများအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်တို့နှင့် စပ်လျဉ်း၍ မှာကြားပြီး အဆင့်မြင့် အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၁)တွင် စံပြသင်တန်းသားဆုရရှိသူ နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဇေယျာဝင်းအား လည်းကောင်း၊ အခြေခံ အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၉)တွင် စံပြသင်တန်းသားဆုရ န္တားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ–၂ ဦးအောင်ဗိုလ်ဗိုလ် အားလည်းကောင်း၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၁)တွင် စံပြသင်တန်းသူဆု ရရှိသူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ရေး) အကူနည်းပြ ဒေါ်လွင်လွင်ဦးအားလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၄၂) တွင်စံပြသင်တန်းသားဆုရရှိသူ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ စာရင်းကိုင်–၃ ဦးဝဏ္ဏထွန်းနှင့် စာပေထူးချွန်ဆုရရှိသူ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြေတိုင်း–၃ ဦးနေမျိုးထွန်း အားလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၄၃)တွင် စံပြသင်တန်းသားဆုရရှိသူ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (မော်လမြိုင်) အကြီးတန်းစာရေး ဦးတင်ထွန်းအောင်အားလည်းကောင်း ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊သင်တန်းသူခေါင်းဆောင်များသို့ ပေးအပ်သည်။

အဆင့်မြင့်အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၁)သို့ စည်ပင်သာယာရေးဦးစီးဌာနမှသင်တန်းသား ၂၀၊ အခြေခံအင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၉)သို့ စည်ပင်သာယာရေး ဦးစီးဌာနမှ သင်တန်းသား ၃၀၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၄၂)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၆၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၃)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၁)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၃၀၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၇၀ တက်ရောက် အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။

ထို့နောက် သင်တန်းများဆင်းပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် အဆင့်မြင့်အိမ်တွင်းမှုသင်တန်းခန်းမသို့ ရောက်ရှိပြီး သင်တန်းသူများ စက်ချုပ်ကျွမ်းကျင်မှု သရုပ်ပြသခြင်းအား ကြည့်ရှု၍ ချုပ်လုပ်ထားသည့် လက်ရာပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။**(သတင်းစဉ်)**

မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၅

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၆ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် မုတ်သုံလေအား အသင့်အတင့်ရှိမည်ဟု သိရသည်။ (မြန်မာ့အလင်း)

ပိုဒ့်ကားကုမ္ပဏီမှထုတ်သော ကားတစ်သန်းကျော် အင်ဂျင်ပိုင်းချို့ယွင်းချက်ရှိ၍ ဈေးကွက်မှ ပြန်သိမ်းမည်

ဖို့ဒ်ကားကုမ္ပဏီမှ ထုတ်လုပ်သော ကားများကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝါရှင်တန် ဩဂုတ် ၅

ဖို့ဒ်မော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သော ကား ၁ ဒသမ ၂ သန်းကို ဈေးကွက်မှ ပြန်သိမ်းမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ဩဂုတ် ၃ရက်၌ ကြေညာသည်။

အဆိုပါ ကားများတွင် ကုန်တင်ကားများနှင့် ဗင်ကားများပါဝင်ပြီး အင်ဂျင်ပိုင်းသပ်ရပ်မှုမရှိခြင်းကြောင့် စိုးရိမ်နေရသဖြင့် ဈေးကွက်မှ ပြန်သိမ်းခြင်းဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

အင်ဂျင်ပိုင်းတွင် အပူလွန်ကဲခြင်းနှင့် မီးထတောက်ခြင်းများ ဖြစ်နေ၍ စိုးရိမ်နေရသည်ဟုလည်းဆိုသည်။ ယင်းပြန်သိမ်းမည့် ကားများသည် ဓာတ်ဆီနှင့်ဒီဇယ်နှစ်မျိုးသုံးနိုင်ပြီး အရှိန်ထိန်းကိရိယာလည်း တပ်ဆင်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ၏ ယာဉ်တင်ပို့မှု ဈေးကွက်သစ် ယခုနှစ်၌ဥရောပနှင့်တောင်အမေရိကဖြစ်

ပေကျင်း ဩဂုတ် ၅

ယခုနှစ် ပထမခြောက်လအတွင်း ယာဉ်ထပ်မံတင်ပို့သည့် အများဆုံးနိုင်ငံများမှာ ဥရောပနှင့် တောင်အမေရိက နိုင်ငံများဖြစ်ပြီး အဆိုပါ ဒေသနှစ်ခုသို့ နိုင်ငံ၏ ယာဉ်တင်ပို့မှုတန်ဖိုးမှာ နှစ်အလိုက် ၅၂၀ ရာခိုင်နှုန်းနှင့် ၁၁၇ ရာခိုင်နှုန်းရှိကြောင်း အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် ယာဉ်တင်ပို့မှုဈေးကွက်ကို ချဲ့ထွင်လျက်ရှိကြောင်း သွင်းကုန် ထုတ်ကုန်လုပ်ငန်းနှင့် အီလက်ထရွန်နစ် ထုတ်လုပ်ရေးဆိုင်ရာ တရုတ်ကုန်သည်ကြီးများ ယာဉ်အသင်းခွဲ(စီစီစီ အမ်အီး)မှ အထက်တန်းအင်ဂျင်နီယာ ဖူပေကျို့က ပြောကြားသည်။

တရုတ်နိုင်ငံက ဥရောပသို့ ယာဉ်တင်ပို့မှုသည် နိုင်ငံက စုစုပေါင်းတင်ပို့မှုများ၏ ၂၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ယခုအခါ ဥရောပသည် အာရှပြီးနောက် ဒုတိယလိုက်ကြောင်း၊ တတိယမှာ အာဖရိကနှင့် တောင်အမေရိကမှာ စတုတ္ထဖြစ်ကြောင်း ရှန်ဟိုင်းလုံခြုံရေး သတင်းစာက ဩဂုတ် ၂ ရက်တွင် ဖော်ပြသည်။

ယခုနှစ်ဇန်နဝါရီမှ ဇွန်လအတွင်း အာရှနှင့်အာဖရိကသို့ တရုတ်နိုင်ငံက ယာဉ်တင်ပို့မှုတန်ဖိုးသည် နှစ်အလိုက်အားဖြင့် ၁၁၃ရာခိုင်နှုန်းနှင့် ၃၄ ဒသမ ၆ရာခိုင်နှုန်း မြင့်မားတိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ယင်းကာလအတွင်း စီစီစီ အမ်အီးနှင့်တရုတ်နိုင်ငံသည် နိုင်ငံနှင့်ဒေသ ၁၇၁ ခုသို့ မော်တော်ကားစီးရေ ၁၂၅၅၀၀တင်ပို့ခဲ့ရာ လွန်ခဲ့သည့်နှစ် ယင်းကာလကထက် ၈၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယာဉ်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၅ ဘီလီယံအထိ ရောက်ရှိကာ နှစ်အလိုက် ၁၁၅ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

စင်ကာပူ မိုဘိုင်းလ်ဖုန်းနံပါတ်များ ၂၀၀၇ခုနှစ်ကုန်အထိ ပြောင်းလဲရန်မလိုအပ်

စင်ကာပူ ဩဂုတ် ၅

စင်ကာပူနိုင်ငံရှိ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများအနေဖြင့် လာမည့် ၂၀၀၇ ခုနှစ်ကုန်အထိ တယ်လီဖုန်းနံပါတ်များ ပြောင်းလဲရန် မလိုဘဲ လက်ရှိအတိုင်း သုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း နယူးအာရှသတင်းဌာနက ဩဂုတ် ၃ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ထိုသို့ပြုလုပ်မှုသည် ပြည်တွင်းဈေးကွက်ရှိ တယ်လီဖုန်းကုမ္ပဏီများအနေဖြင့် ယှဉ်ပြိုင်မှုပိုမိုဖြစ်စေမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

တိုးတက်

ယခုအချိန်တွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ကြောင်း၊ သို့သော် ဝန်ဆောင်ခများ ပေးရမည် မဟုတ်ကြောင်းသိရသည်။ စင်ကာပူကြေးနန်းဆက်သွယ်ရေး(စင်တယ်) အနေဖြင့် ဒေသတွင်း ဖုန်းလိုင်းခွဲ အသုံးပြုမှုပေါင်း ၉၂ သန်းခန့်ရှိကြောင်း၊ ယင်းမှာ ယခုနှစ် ဇွန်လကုန်အထိ အရေအတွက်ဖြစ်ကြောင်း နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဦးဆောင်နေ

စင်တယ်ဆက်သွယ်ရေး လုပ်ငန်းသည် စင်ကာပူနိုင်ငံဆက်သွယ်ရေးကုမ္ပဏီလုပ်ငန်းများကို ဦးဆောင်နေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အာရှပစိဖိတ်၊ ဥရောပနှင့် အမေရိကန်တို့အပါအဝင် နိုင်ငံ ၁၉ နိုင်ငံ၊ မြို့ပေါင်း ၃၇ မြို့တို့၌လည်း လုပ်ကိုင်နေသည့် ဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်အာဖရိက၌မိုးသည်းထန်ပြီးရေလွှမ်း အချို့နေရာတွင် ဆီးနှင်းများထူထပ်စွာကျဆင်း

ကိတ်တောင်း ဩဂုတ် ၅

တောင်အာဖရိကနိုင်ငံရှိ ဒေသအများအပြားတွင် ဩဂုတ် ၃ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လမ်းများပေါ်ရေလွှမ်းမိုးခြင်း၊ မိုးသက်မုန်တိုင်းများ တိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခြင်းနှင့် တောင်တန်းဒေသများတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းခြင်းနှင့် ကြုံတွေ့ခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဩဂုတ်လအတွက် အပူချိန်မှာ စံချိန်တင်ကျဆင်းခဲ့ရာ ရှစ်နှစ်တာကာလအတွင်း ဂျိုဟန်နစ္စဘတ်မြို့ စက်မှုဇုန်တွင် ဆီးနှင်းခဲများ ထူထပ်စွာကျဆင်းမှု စံချိန်တင်ခဲ့သည်။ ဂျိုဟန်နစ္စဘတ်မြို့၌ ဩဂုတ် ၃ ရက်က အပူချိန် ၇ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့ရာ ၎င်းနေ့တစ်နေ့လုံး အပူချိန်များ ဆက်လက်ကျဆင်းခဲ့သည်။

ထိုသို့ အပူချိန်ဆက်လက်ကျဆင်းနေမှုမှာ ယခုသီတင်းပတ်အကုန်အထိ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း တောင်အာဖရိကရှိ ရာသီဥတုဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။ ထိုအတူ ပို့အဲလိဇဘတ်မြို့ နေရာအများအပြားတွင်လည်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်နေသည်။

ပို့အဲလိဇဘတ်မြို့သည် ကိတ်တောင်းမြို့အရှေ့ဘက် ကီလိုမီတာ ၈၀၀ ခန့်အကွာတွင် တည်ရှိပြီး ဩဂုတ် ၃ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း မိုးရေချိန်မီလီမီတာ ၂၇၀အထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

လမ်းများရေလွှမ်းမှုနှင့် နေအိမ်များ ရေနစ်မြုပ်မှုကြောင့် လူထောင်ပေါင်းများစွာ ရေဘေးဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းလည်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

တောင်အာဖရိကတွင် မိုးသည်းထန်ပြီး လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် အဆောက်အအုံပြိုကျနေသည်ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးတို့ အပစ်အခတ်ရပ်စဲလျှင် ဒုံးကျည်ဖြင့် ပစ်ခတ်မှု ဟစ်ဇ်ဘိုလာ ရပ်တန့်မည်

ဘေရွတ် ဩဂုတ် ၅

အစ္စရေးတို့က ဘေရွတ်မြို့လယ်ကို ပစ်မှတ်ထားတိုက်လျှင် ဟစ်ဇ်ဘိုလာတို့က တယ်လ်အဗစ်မြို့ကို ဒုံးကျည်များဖြင့် ပစ်လိမ့်မည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာခေါင်းဆောင်က အစ္စရေးအား ဩဂုတ် ၃ ရက်တွင် သတိပေးလိုက်သည်။

သို့သော်လည်း အစ္စရေးတို့က လက်ဘနွန်အရပ်ဘက်နေရာများကို တိုက်ခိုက်မှုအဆုံးသတ်လျှင် ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်ဖြင့်ပစ်ခတ်ခြင်းကို ရပ်တန့်ပေးမည်ဖြစ်ကြောင်း ၎င်းခေါင်းဆောင်က ကမ်းလှမ်းပြောကြားလိုက်သည်။

ရပ်စဲမည်

မည်သည့်အချိန်မဆို အပစ်အခတ်ရပ်စဲလျှင် မိမိတို့ဘက်က အပစ်ရပ်စဲမည်ဖြစ်ကြောင်း ဆေးယက်ဟက်ဆန်နာဆရာလာက ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ပစ်ခတ်နိုင်

ဟစ်ဇ်ဘိုလာတို့၏ တာဝေးပစ်ဒုံးကျည်များသည် မိုင် ၈၀ ဝေးကွာသော အစ္စရေးမြို့လယ်သို့ ပစ်ခတ်နိုင်စွမ်းရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အစ္စရေး လေကြောင်းမှ ဘေရွတ်မြို့အား ဗုံးကြဲတိုက်ခိုက်နေသည်ကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်၌ အပူလှိုင်းကျရောက်မှု ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အပြင်းထန်ဆုံးဖြစ်

ပါရီ ဩဂုတ် ၅

ပြင်သစ်နိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၁၁၂ ဦး သေဆုံးခဲ့ရကြောင်း၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ယခုနှစ် ဇူလိုင်လသည် အပြင်းထန်ဆုံးသော ရာသီဖြစ်ခဲ့ကြောင်း ပြင်သစ်အစိုးရက ဩဂုတ် ၃ ရက်၌ ပြောကြားသည်။

ထိုအပူလှိုင်းကျရောက်ခဲ့မှုကြောင့် သေဆုံးသည့်အရေအတွက်မှာ လွန်ခဲ့သော နွေရာသီ သုံးကြိမ်ထက် လျော့နည်းကျဆင်းခဲ့ကြောင်း၊ ထိုလွန်ခဲ့သော ရာသီ သုံးရာသီက သေဆုံးသည့်အရေအတွက်မှာ ထောင်နှင့်ချီ ရှိခဲ့ကြောင်း၊ ပြင်သစ်အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ်တွင် သေဆုံးသူအများစုမှာ အသက် ၇၅နှစ်အထက်ရှိ သက်ကြီးပိုင်းများဖြစ်ကြောင်း ကျန်းမာရေးလေ့လာဆန်းစစ်သူများက ပြောကြားသည်။

အပူချိန်မှာ ပြင်သစ်နိုင်ငံတစ်ဝန်း ဇူလိုင်လတွင် ပျမ်းမျှအားဖြင့် ၂၄ ဆဲလ်စီးရပ်စ် (၇၅ ဖာရင်ဟိုက်)ရှိခဲ့ကြောင်း၊ အချို့ရက်များတွင် အပူချိန်မှာ ၎င်းထက်ပင်မြင့်တက်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

ဒုတိယဝန်ကြီး ဦးကျော်သူ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးခဲ့

နေပြည်တော် ဩဂုတ် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် ၂၀၀၆ခုနှစ် ဩဂုတ်၁ ရက်မှ ၄ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပခဲ့သော မြန်မာ-ဗီယက်နမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖက်ပ်ဇာခင်း(မ်)အား သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာငုယင်ဖူဘင်း ခေါင်းဆောင်သည့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့တို့သည် ဩဂုတ်၁ရက်တွင် ဟန္နိုင်းမြို့ရှိ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကိုလည်းကောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေးတို့ကိုလည်းကောင်း ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဒေသဆိုင်ရာ အရေးကိစ္စများနှင့် နိုင်ငံတကာ အရေးကိစ္စများကိုလည်းနှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအဖြစ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန အရှေ့တောင်အာရှ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လင်း၊ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးသန်းစိန်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ ပါဝင်တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ယင်းနေ့ညပိုင်းတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာငုယင်ဖူဘင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအားဟန္နိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၃ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဖက်ပ်ဇာခင်း(မ်)အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ၎င်း၏ရုံးခန်းသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။

ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၄ရက်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့အနီးရှိ မြစ်တွင်းလှောင်အိမ်ဖြင့် ငါးမွေးမြူရေးစခန်းသို့လည်းကောင်း၊ ကူချီမြို့နယ်ရှိ မိကျောင်း၊ စပါးကြီးမြွေနှင့် ဆိတ်မွေးမြူရေးစခန်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒုတိယဝန်ကြီးဦးကျော်သူနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ကွန်ပျူတာသင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၅

သစ်တောရေးရာ ဝန်ကြီးဌာန၏ ကွန်ပျူတာ အခြေခံ အချိန်ပြည့် သင်တန်း(၁/၂၀၀၆-၂၀၀၇)နှင့် ကွန်ပျူတာမွမ်းမံအချိန်ပိုင်းသင်တန်း(၁/၂၀၀၆-၂၀၀၇)များ သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်၄ရက် နံနက်၁၀နာရီခွဲက နေပြည်တော်ရှိ သစ်တောတက္ကသိုလ်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ သစ်တောရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဒေါ်အုန်းကြည်-ဒေါ်စောရီအား အမှူးထား၍ ရန်ကုန်မြို့ ဒဂုံမြောက်ပိုင်း စွယ်တော်လမ်း အမှတ် ၄၁/၉၇၃ နေ သား မောင်မျိုးသူ-မမီမီလွင်၊ မောင်အောင်မျိုးခိုင် မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏ (သာသနဓဇ ဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝ ရပ်ကွက် မာဃလမ်း အမှတ် ၁ နေ ဦးဖေသန်း-ဒေါ်သိန်းဥ၊ သားသမီး၊ မြေး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ



နေအဖွဲ့အစည်းနောက်တွင် အမြွှာကမ္ဘာသစ်တွေ့ရှိ

ကျွန်ုပ်တို့ နေအဖွဲ့အစည်း၏ နောက်တွင် ဂြိုဟ်များနှင့်ကြယ်တာရာများအကြား ထူးဆန်းသောကမ္ဘာသစ်နှစ်ခုကို တွေ့ရှိထားပြီဖြစ်ကြောင်း နက္ခတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်

ထိုနေအဖွဲ့အစည်း၏နောက်တွင် တစ်ဒါဇင်နီးပါး ကမ္ဘာဂြိုဟ်ကဲ့သို့ ဂြိုဟ်များရှိနေသည်ဟု အတည်ပြုထားသော်လည်း ယခုတွေ့ရှိထားသော ဂြိုဟ်သစ်နှစ်လုံးမှာ ပထမဆုံး ကမ္ဘာဂြိုဟ်သစ်များပင် ဖြစ်လိမ့်မည်ဟု အဆိုပါသိပ္ပံပညာရှင်များက ပြောကြားသည်။

အပြန်အလှန်လှည့်ပတ်

ယင်းဂြိုဟ်နှစ်လုံးသည် တစ်လုံးနှင့် တစ်လုံး အပြန်အလှန် လှည့်ပတ်နေကြသည်ဟု ဆိုသည်။

ထိုကဲ့သို့ ဂြိုဟ်သစ်များပေါ်ထွန်းလာသဖြင့် ဂြိုဟ်နှင့်ကြယ်တာရာများ ဖြစ်ပေါ်ခြင်း လက်ရှိသီအိုရီများကို စိန်ခေါ်မှုဖြစ်လာကြောင်း နက္ခတ်ပညာရှင်များက သိပ္ပံဂျာနယ်တွင် ရေးသားတင်ပြထားသည်။

အရွယ်အစားပါ

အဆိုပါ ကမ္ဘာဂြိုဟ်သစ်နှစ်လုံးသည်တစ်လုံးနှင့်တစ်လုံး အပြန်အလှန်လှည့်ပတ်နေပြီး အမြွှာကမ္ဘာတစ်ခုဖြစ်နေကြောင်း၊ ယင်းမှာ နေအရွယ်အစား၏ တစ်ရာခိုင်နှုန်းသာရှိကြောင်း တိုရွန်တိုတက္ကသိုလ်မှ ရေးဂျာရာဝါဒရာက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၅

၂၀၀၆ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၆ခုနှစ်အတွက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန် ကြေညာထားပြီးဖြစ်ရာ ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

သတ်မှတ်ပေး

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲတို့အတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ် ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ၄၀၀၀မှ ၈၀၀၀အတွင်း၊ ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။

ပေးပို့ယှဉ်ပြိုင်

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာ ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင် စာမူနှစ်စောင်ကိုလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် အကြောင်းအရာ (Caption)နှင့်အတူ ၁၀ x ၁၂ လက်မ သို့မဟုတ် ၁၀ x ၁၄ လက်မထက် မငယ်သော အရွယ်အစား Print ပုံ လေးပုံကိုလည်းကောင်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း၊ ကိုယ်တိုင်ဓာတ်ပုံ ရိုက်ကူးကြောင်းနှင့် ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းကို ဝန်ခံချက်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အတွင်းရေးမှူး အမျိုးသားရေး ဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၀၆ ခုနှစ် စက်တင်ဘာ၃၀ရက်တွင်လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၃၀ရက်တွင်လည်းကောင်း နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားသည်။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆန့်ကျင်တားမြစ်တိုက်ဖျက် ကိုးကန့်ဒေသနှင့် ‘ဝ’ ဒေသများကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့

✡ ရှေ့ဖုံးမှ

အထူးအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ထူးထူးခြားခြားအောင်မြင်

အထူးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေးသည် နိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည့် မူးယစ်ဗဟိုအဖွဲ့နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၊ ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် မိမိဌာန၏ လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ပြီး အရှိန်မြှင့်တင်ဆောင်ရွက်နိုင်စေရန်၊ လိုအပ်ချက်များရှိက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍသည် လွန်ခဲ့သည့်နှစ်များနှင့် နှိုင်းစာလျှင် ၂၀၀၅ ခုနှစ်မှစပြီး ထူးထူးခြားခြား အောင်မြင်မှုများရရှိခဲ့သည်ကို သိရှိကြပြီးဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်ခုတည်းအတွက်သာမကဘဲ ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်များနှင့် ဆက်နွှယ်နေသည့် ကြီးမားကျယ်ပြန့်သော အန္တရာယ်ဆိုးကြီးတစ်ခုဖြစ်ပြီး လူသားအားလုံးနှင့် သက်ဆိုင်ခြင်းကြောင့် ဤအန္တရာယ်ဆိုးကြီးမိမိတို့ နိုင်ငံမြေပေါ်မှ လုံးဝပပျောက်သွားအောင် နိုင်ငံအားလုံးက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တစိုက်မတ်မတ် တိုက်ဖျက်နေကြကြောင်း။

ဦးစားပေးတိုက်ဖျက်ခဲ့

မြန်မာနိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ရှေးမြန်မာဘုရင်များ လက်ထက်ကပင်စတင်ပြီး ယနေ့ကာလအထိ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆန့်ကျင်တားမြစ် တိုက်ဖျက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်မတိုင်မီ မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးကဏ္ဍကို အလေးထားပြီး ဘိန်းခင်းများဖျက်ဆီးခြင်း၊ ဘိန်းချက်စခန်းများနှင့် ဘိန်းတန်းများကို စစ်ဆင်ရေးများဖြင့် ပိတ်ဆို့တားဆီးတိုက်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ဟန်ချက်ညီညီဆောင်ရွက်

သို့ရာတွင် တားဆီးနှိမ်နင်းရေးကဏ္ဍ တစ်မျိုးတည်းကို အလေးပေးလုပ်ရုံဖြင့် ပြီးပြည့်စုံမှုရှိနိုင်မည်မဟုတ်ဘဲ အဆိုပါ ဘိန်းစိုက်ဒေသများ၌ နောက်ဆက်တွဲလုပ်ငန်းများအနေဖြင့် ဘိန်းစိုက်တောင်သူများ၏ အစားထိုးဝင်ငွေရရှိရေး၊ အစားထိုးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကိုပါ ဟန်ချက်ညီညီဆောင်ရွက်ပေးမှသာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အမှန်တကယ် လျော့နည်းပပျောက်သွားမည်ဖြစ်သဖြင့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးဆိုသည့် နည်းဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်ကလည်း နည်းဗျူဟာသုံးရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ် သုံးစွဲသူများ၏ ခံယူချက်ဖြင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာကူးလူးသွားလာဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးစသည့် နည်းနာနိဿယများနှင့်ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ဆောင်ရွက်နေရာတွင် ၁၉၉၉ မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်ခဲ့ပြီး ၁၉၉၉–၂၀၀၀ ခုနှစ်ကစ၍ ပထမငါးနှစ်၊ ဒုတိယငါးနှစ်၊ တတိယငါးနှစ်စီမံကိန်းများဖြင့် ကာလသုံးပိုင်းလျာထား ဆောင်ရွက်ခဲ့ကြောင်း။

ယနေ့ကာလသည် ၁၅ နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းကာလ ပြီးဆုံးပြီး ဒုတိယငါးနှစ်စီမံကိန်းကာလ၏ တတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၁၅ နှစ် စီမံကိန်းဝင်ဒေသများ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစသည်ဖြင့် ကဏ္ဍများခွဲခြားပြီး အမှန်တကယ်ထိရောက်အောင်မြင်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးကင်းမဲ့ဇုန်

ထို့အပြင် ၁၅ နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘိန်းစိုက်တောင်သူများကို အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဘဝသစ်တည်ထောင်ပေးနိုင်ရေးအတွက် ၂၀၀၃ ခုနှစ် ဧပြီလကစပြီး ပန်းတိုင်သစ်စီမံကိန်း (New Destiny Project)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ဒုတိယဝန်ကြီးလေးဦးဖြင့် အနီးကပ် ကြီးကြပ်ဆောင်ရွက်စေခဲ့ခြင်းကြောင့် ယခင်က ဘိန်းစိုက်ပျိုးသည့်မြေများ၌ အစားထိုးသီးနှံများစိုက်ပျိုးလာနိုင်ကြပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည်

ရှင်းလင်းတင်ပြ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တစ်နှစ်ထက်တစ်နှစ် သိသိသာသာလျော့နည်းကျဆင်းလာကြောင်း၊ ကိုးကန့်ဒေသဆိုလျှင် ၂၀၀၃ ခုနှစ်ကစပြီး မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့ပြီး ‘ဝ’ဒေသကလည်း ၂၀၀၅ ခုနှစ် ဇွန်လတွင် မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု သိသိသာသာလျော့နည်းလာကြောင်း အထင်အရှားပြဆိုနိုင်သည့် အထောက်အထားများကိုပြောရလျှင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး United Nations Office on Drugs and Crime, UNODC ၏ ၂၀၀၅ ခုနှစ် ကမ္ဘာ့နှစ်ပတ်လည်အစီရင်ခံစာ၌ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုတိုင်းတာရာတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၆၁ ရာခိုင်နှုန်းကျဆင်းကြောင်း ဖော်ပြထားကြောင်း။

အခိုင်အမာပြဆို

အလားတူ အမေရိကန်နိုင်ငံ Counter Narcotics and Crime, CNC နှင့် ဘိန်းအထွက်နှုန်းတိုင်းတာရေး ပူးပေါင်းဆောင်ရွက်ကောက်ယူခဲ့သည့် စာရင်းဇယားများအရလည်း ၁၉၉၆ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုမှာ ၈၁ ရာခိုင်နှုန်းကျဆင်းပြီး ဘိန်းထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်းကျဆင်းသည်ဟု တရားဝင်ဖော်ပြထားကြောင်း၊ ယင်းတရားဝင် စာရင်းဇယားများအရ မိမိတို့မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းသည် အောင်မြင်မှုရှိသည်ဆိုသည်ကို အခိုင်အမာပြဆိုလျက်ရှိကြောင်း။

တားဆီးနှိမ်နင်းရေးပိုင်းတွင် လွန်ခဲ့သည့် တစ်နှစ်ခွဲကျော် နှစ်နှစ်အတွင်း သတင်းရယူ ဖော်ထုတ်ဖမ်းဆီးနိုင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ဆက်စပ်ဆောင်ရွက်မှုအားကောင်းလာမှု၊ အတွေ့အကြုံများ ကြွယ်ဝလာမှုတို့ကြောင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးမိပြီဆိုသည်နှင့် နောက်ကွယ်ကရှိနေသည့် ငွေကြေးနှင့် ပိုင်ဆိုင်မှုများကိုပါ Money Laundery Law အရ ချိတ်ဆက်ပြီး အဆက်အစပ်များအားလုံး ပြိုကျပျက်စီးသွားအောင် ဖော်ထုတ်လာနိုင်ကြောင်းလည်း တွေ့ရကြောင်း၊ ဖမ်းဆီးနှိမ်နင်းနိုင်မှုအပိုင်းကို ခြုံငုံတင်ပြရလျှင် မူးယစ်ဗဟို စတင်ဖွဲ့စည်းပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၁၉၇၆ ခုနှစ်ကစပြီး ယနေ့အချိန်ထိ ဖမ်းဆီးရမိဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေးနှင့် ဓာတုဗေဒပစ္စည်းများအပါအဝင် ခန့်မှန်းတန်ဖိုးသည် မြန်မာငွေကျပ် ၁၄၁၈ ဒသမ ၁၁၇ ဘီလီယံ၊ အမေရိကန်ဒေါ်လာဖြင့် ၂၂ ဒသမ ၇၃၅ ဘီလီယံရှိပြီဖြစ်ကြောင်း။

၂၀၀၅ ခုနှစ်ကစပြီး ဤဘက်ပိုင်းတွင် မူးယစ်တားဆီးနှိမ်နင်းရေးပိုင်းတွင် အအောင်မြင်ဆုံးဟု ပြောရမည်ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ဆိုသည့်ရွာနား၌ နိုင်ငံတကာရေပြင်ကတစ်ဆင့် အနောက်နိုင်ငံဘက်ကို ခိုးထုတ်သွားမည့် ဘိန်းဖြူဘလောက်တုံး အလေးချိန် ၅၈၂ ဒသမ ၅ ကီလို၊ ငွေကြေးပမာဏနှင့်တွက်လျှင် မြန်မာငွေကျပ်သန်းပေါင်း ၄၇၄၀၀၊ အမေရိကန်ဒေါ်လာ ၇၄ သန်းတန်ဖိုး ဖမ်းဆီးရမိသည့် စိုးစံဇုန်ဖြစ်စဉ်ဆိုလျှင် နေရာအနှံ့၌ရှိနေသည့် မူးယစ်ရာဇာများ၏ ငွေကြေးနှင့် ပိုင်ဆိုင်မှုများကို ထိန်းချုပ်သိမ်းဆည်းနိုင်သည့်အပြင် ပြည်ပကို ထွက်ပြေးတိမ်းရှောင်သွားသည့် မူးယစ်ဆေးဝါးရာဇာတရားခံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံအပါအဝင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး နိုင်ငံတကာအဖွဲ့အစည်းများစွာနှင့် ပူးပေါင်းသတင်းဖလှယ် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့၍ တရားဥပဒေအရ အရေးယူပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြောင်း၊ ဤသည်မှာ နိုင်ငံတော်အတွက် ထူးခြားအောင်မြင်မှုတစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း။

ဖော်ထုတ်အရေးယူ

ထို့အပြင် ၂၀၀၅ ခုနှစ် မေလ ၂၄ ရက်တွင် မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် ယူနန်ပြည်နယ် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရန်ကုန်မြို့၌ အိုက်စ် ၁၀၂ ဒသမ ၅ ကီလို၊ တန်ဖိုးအားဖြင့် မြန်မာငွေကျပ် ၃၀၆ သန်း၊ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၅ သန်း ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်တွင်ဆိုလျှင်လည်း

ရှင်းလင်းတင်ပြ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကွင်းဆက်ကြီးတစ်ခုလုံးနှင့် ပြစ်မှုကျူးလွန်သည့် နိုင်ငံခြားသားများကိုပါ ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း။

အလားတူပင် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် ကာလရှည်ကြာစွာ စနစ်တကျ စုဆောင်းတည်ဆောက်ထားသည့် သတင်းများအရ မြန်မာငွေကျပ်သန်း ၃၉၆၈၀၊ အမေရိကန်ဒေါ်လာ ၆၂ သန်းကျော်ဖိုး ဘိန်းဖြူဘလောက်တုံး ၄၉၆ ကီလို ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်တွင်လည်း မူးယစ်ဗဟိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်တို့၏ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။

ထူးခြားစွာ ဆောင်ရွက်နိုင်

ယခုကဲ့သို့ နိုင်ငံတကာ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် သတင်းဖလှယ် ပူးပေါင်းဖော်ထုတ်သည့်နေရာ၌ အောင်မြင်မှုများရရှိခဲ့သကဲ့သို့ ပြည်တွင်းတွင်လည်း ဒေသခံပြည်သူများ၏ *စာမျက်နှာ ၇ ကော်လံ ၁*

မူးယစ်ဗဟိုအဖွဲ့၏ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးသည် အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း အောင်မြင်အောင် ပထမငါးနှစ် စီမံကိန်းကာလတုန်းက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသကဲ့သို့ ယခု ဒုတိယငါးနှစ်စီမံကိန်းကာလတွင်လည်း မျှော်မှန်းချက်များနှင့်အညီ လုပ်ငန်းများအောင်မြင်အောင် အရှိန်အဟုန်မြှင့်တက်ညီလက်ညီ ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်။

စာမျက်နှာ ၆ မှ

တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့သည့် ဖြစ်စဉ်များလည်း ရှိခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် မူးယစ်ဗဟိုနှင့် အထူးအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၌ အိုက်စ် ၁၇၈ ကီလို၊ တန်ဖိုးအားဖြင့် မြန်မာ ငွေကျပ် ၅၃၄ သန်း၊ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၈ သန်းဖိုး ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့ပြင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၆ ခုနှစ် ဧပြီလအတွင်းတွင်လည်း တာချီလိတ်ခရိုင်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သန်းကျော်နှင့် ဘိန်းဖြူကီလို ၅၀၊ ဘိန်းညိုကီလို ၁၀၀၀ ကျော်၊ ဓာတုပစ္စည်းများ၊ လက်နက်မျိုးစုံ ၁၉၆ လက်နှင့် တရားခံ ၃၃ ဦးကို ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ယင်းအမှုက ထွက်ပြေးတိမ်းရှောင်နေသည့်တရားခံ ရန်အားဟုန်ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ဖမ်းဆီးရမိပြီး မြန်မာနိုင်ငံကို လွှဲပြောင်းပေးခဲ့ကြောင်း။

အထူးအလေးထားချီးကျူး

ဤဖမ်းဆီးရမိဖြစ်စဉ်သည် ငွေကြေးတန်ဖိုးအားဖြင့်ပြောရလျှင် မြန်မာ ငွေကျပ် ၁၂၅ ဒသမ ၄၃ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရှိခဲ့သဖြင့် ဒေသတွင်းသာမက နိုင်ငံတကာကပါ အထူးအလေးထားချီးကျူးမှုများ ရှိခဲ့ခြင်းကြောင့် မိမိနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်သည် နိုင်ငံတကာနယ်ပယ်အထိ သိက္ခာတက်ခဲ့သည်ဟု ဆိုရမည် ဖြစ်ကြောင်း။

ထို့အပြင် မကြာသေးမီကာလ ၂၀၀၆ ခုနှစ် မေလအတွင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဝမ်ယိမ်း၊ လဲချား၊ ဆီဆိုင်ဒေသတို့၌ မြန်မာကျပ်ငွေ ၂၈၃၇၇ သန်း၊ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉ သန်းဖိုးနှင့်ညီသည့် ဘိန်းချက်စခန်းများကို သိမ်းဆည်းရမိမှုများသည်လည်း ထူးခြားအောင်မြင်ခဲ့သည့် ဖြစ်စဉ်များဖြစ်ကြောင်း။

အရှိန်မြှင့်ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ တားဆီးနှိမ်နင်းရေးကဏ္ဍကို ထိထိရောက်ရောက်ဖြင့် အရှိန်မြှင့်ဆောင်ရွက်ခဲ့သကဲ့သို့ ယခုအချိန်တွင် နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးစသည့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန်အတွက် ၁၉၈၉ ခုနှစ်ကစပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆ ခုနှစ် ဇွန်လကုန်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သုံးစွဲပြီးသည့်ရန်ပုံငွေသည် ငွေကျပ်သန်းပေါင်း ၈၄၇၅၃ ဒသမ ၃၃ သန်းရှိပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ၁၅ နှစ်စီမံကိန်း၏ မျှော်မှန်းချက်အတိုင်း ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်သွားပြီးနောက် ဒေသခံဘိန်းစိုက်တောင်သူများအနေဖြင့် ရေရှည်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဆက်လက်ရပ်တည်သွားနိုင်ရန်အတွက် အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အစားထိုးသီးနှံများအတွက် ဈေးကွက်ရရှိရေးလုပ်ငန်းများကို ယခုအချိန်ကတည်းကပင် စတင်ပြီးဆောင်ရွက်နေပြီဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် မေလအတွင်းတွင်လည်း မူးယစ်ဗဟိုနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်တို့ပူးပေါင်းပြီး ဘိန်းခင်းတိုင်းတာမှု ပူးပေါင်းဆောင်ရွက်ရေး၊ 'ဝ'နှင့်ကိုးကန့်ဒေသ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဘိန်းစိုက်ဒေသများ၌ ရေရှည်ဖွံ့ဖြိုးမှုစိတ်ချရအောင် စနစ်တကျ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စနစ်တကျပြန်လည်သုံးသပ်

မူးယစ်ဗဟိုအဖွဲ့၏ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးသည် အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းအောင်မြင်အောင် ပထမငါးနှစ်စီမံကိန်းကာလတုန်းက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသကဲ့သို့ ယခု ဒုတိယငါးနှစ်စီမံကိန်းကာလတွင်လည်း မျှော်မှန်းချက်များနှင့်အညီ လုပ်ငန်းများအောင်မြင်အောင် အရှိန်အဟုန်မြှင့် တက်ညီလက်ညီ ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မူးယစ်ဗဟိုနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနအသီးသီးကလည်း ဌာနအလိုက် ပူးပေါင်းပါဝင်ရမည့်လုပ်ငန်းများကို အခြေအနေအချိန်အခါနှင့် ညီညွတ်နေအောင် စနစ်တကျ ပြန်လည်သုံးသပ်ကြပြီး နီးနီးကပ်ကပ် ထိတွေ့ဆက်သွယ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပန်းတိုင်သစ်စီမံကိန်း

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို တင်ပြရာ၌ မူးယစ်ဗဟိုအဖွဲ့၏ အဓိကလုပ်ငန်းဖြစ်သော မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းသည် ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုရရှိခဲ့ကြောင်း၊ ယခုနှစ်သည် ဒုတိယငါးနှစ် စီမံကိန်း၏ တတိယနှစ် ၂၀၀၆-၂၀၀၇ ကို ရောက်ပြီဖြစ်ကြောင်း၊ ဒုတိယငါးနှစ်စီမံကိန်းတွင် မြို့နယ် ၂၀ ကို အခြေခံဆောင်ရွက်မည်ဖြစ်ပြီး ပထမငါးနှစ်စီမံကိန်းက ဆောင်ရွက်ခဲ့သည့် ၂၂ မြို့နယ်ကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းအဖွဲ့များအနေဖြင့် ၄၂ မြို့နယ်ကို ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လုပ်အားနှစ်ဆတိုးပြီး ဆောင်ရွက်ရမည့် အနေအထားဖြစ်ကြောင်း၊ ၁၅ နှစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပန်းတိုင်သစ်စီမံကိန်းကြောင့် ဘိန်းစိုက်ဧကများ သိသိသာသာ လျော့နည်းကျဆင်းလာသည်ကို သိရှိကြပြီးဖြစ်ကြောင်း၊ ဤပန်းတိုင်သစ်စီမံကိန်းအောင်မြင်အောင်လည်း ပန်းတိုင်သစ်စီမံကိန်း ကြီးကြပ်ရေးအဖွဲ့ (Task Force)ကို ဖွဲ့စည်းပေးခဲ့ကြောင်း။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြရပါက မြန်မာနိုင်ငံမှ NGO အဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 14th IFNGO အစည်းအဝေးကို နိုင်ငံတကာကိုယ်စားလှယ် ၈၀၊ လေ့လာသူ ၄၀ အပါအဝင် ၁၂၀ ဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပနိုင်ခဲ့ကြောင်း။

အလားတူပင် ဒေသတွင်းမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည့် MOU ခြောက်နိုင်ငံနှင့် UNODC တို့ ပူးပေါင်းကျင်းပသည့် အစည်းအဝေးများကိုလည်း ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်ခဲ့သကဲ့သို့ အိမ်ရှင်အဖြစ်လည်း လက်ခံကျင်းပပေးနိုင်ခဲ့ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲ

UNODCက ကြီးမှူးကျင်းပသည့် အစိုးရအဖွဲ့အစည်းနှင့် ဓာတုပစ္စည်းစက်မှုလုပ်ငန်းရှင်များအကြား တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှု တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၅ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ အစည်းအဝေးသို့ အဖွဲ့အစည်းနှင့် လုပ်ငန်းရှင်များ ၄၂ ဦး တက်ရောက်ခဲ့ကြောင်း။

မြန်မာ-ထိုင်းနှစ်နိုင်ငံ (၁၁)ကြိမ်မြောက် နယ်စပ်ဖြတ်ကျော်အစည်းအဝေးကို ၂၀၀၆ခုနှစ် ဇူလိုင် ၅ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ ဆာမွေကျွန်း၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံမူးယစ်ဗဟိုအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်တို့အကြား မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဘိန်းစိုက်ပျိုးမှုအား ဂြိုဟ်တုဓာတ်ပုံဖြင့် ပူးပေါင်းတိုင်းတာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအစိုးရအကြား မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုနှင့် အလွဲသုံးမှု ပူးပေါင်းတိုက်ဖျက်ရေး သဘောတူစာချုပ်ကိုလည်း ၂၇-၅-၂၀၀၆ ရက်တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း။

ရှင်းလင်း တင်ပြ

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်း တင်ပြစဉ်။(သတင်းစဉ်)

ဝန်ကြီးအဆင့်အစည်းအဝေး

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အာဆီယံနှင့် တရုတ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပခဲ့ကြောင်း။

ယင်းအစည်းအဝေးတွင် ASEAN and China Co-operative Operations in Response to Dangerous Drugs (ACCORD) ၏ လုပ်ငန်းစဉ် လေးရပ်ဖြစ်သည့် ပြည်သူလူထု အသိပညာပေးရေးတွင် ရည်မှန်းချက်သုံးရပ်၊ သုံးစွဲမှုလျှော့ချရေးနှင့် တားဆီးနှိမ်နင်းရေးတွင် ရည်မှန်းချက်ငါးရပ်စီနှင့် အစားထိုးဖွံ့ဖြိုးတိုးတက်မှုတွင် ရည်မှန်းချက်လေးရပ်တို့ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၀၆ ခုနှစ်တွင် စိတ်ကြွဆေးနှင့် ဆက်နွှယ်သည့် ပြစ်မှုများ တိုက်ဖျက်ရေး ပူးတွဲဆောင်ရွက်မှုအစီအစဉ်များကိုလည်း ချမှတ်နိုင်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းအစီအစဉ်များအတွင်းမှလည်း မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုင်းတာရေးလုပ်ငန်းအနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)နှင့် ပူးပေါင်းပြီး တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေး လုပ်ငန်းများကို ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့်နည်းတူ ယခုနှစ်တွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် ဘိန်းတိုင်းတာရေးလုပ်ငန်းအရ ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၃ ခုနှစ်ထက် ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုတွင်လည်း ၂၀၀၄ ခုနှစ်ထက် ၂၆ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ၁၉၉၆ ခုနှစ်ကထက် ၇၃ ရာခိုင်နှုန်းကျဆင်းသည်ဟု အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်သွားခဲ့ကြောင်း၊ ယခုအတိုင်းသာ ဆက်လက်ကျဆင်းပါက ရွှေတြိဂံနယ်မြေအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အဆုံးသတ်သွားနိုင်သည်ဟု UNODCက ထုတ်ပြန်ခဲ့ကြောင်း။

တက်တက်ကြွကြွ

မူးယစ်ဗဟိုအဖွဲ့၏ ဖွဲ့စည်းပုံကို ယခုလက်ရှိ ဖွဲ့စည်းပုံထက် ပိုမိုကျစ်လျစ်ပြီး လုပ်ငန်းတာဝန်များ တိုးတက်ဆောင်ရွက်နိုင်အောင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်သည့်အတွက် မူးယစ်ဗဟိုအောက်ရှိ အဖွဲ့အသီးသီးကလည်း ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရမည်ဆိုသည့် မဟာဗျူဟာ ရည်မှန်းချက်များနှင့်အညီ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထုပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစသည့် ကဏ္ဍများ၌ မိမိတို့ကျရာကဏ္ဍများတွင် တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် တင်ပြပြီး အစားထိုးစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဆေးကုသရေးလုပ်ငန်း၊ အသိပညာပေးလှုံ့ဆော်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဥပဒေနှင့်အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းနိုင်ရေးအတွက် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မူးယစ်ဗဟိုအဖွဲ့အထူးအစည်းအဝေး(၂/၂၀၀၄) ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် စပ်လျဉ်း၍ ပြည်သူလူထုအား ပညာပေးလှုံ့ဆော်နိုင်မှုအခြေအနေများ၊ ပြည်သူလူထုအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ချက်များတင်ပြ

ထို့နောက် အစားထိုး စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆေးကုသရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်တို့က လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များ၊ လုပ်ငန်းတိုးတက်အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျောင်းသားလူငယ်များအား အသိပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရည်ရွယ်ချက်များရှင်းလင်း

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ပြည်တွင်း၌ ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အသင်း၏ အောင်မြင်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မူးယစ်ဗဟိုအတွင်းရေးမှူး ရဲချုပ်က မူးယစ်ဗဟိုနှင့် မူးယစ်ဗဟိုအောက်ရှိ အဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုတင်ပြ

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများက မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို အကြံပြုရှင်းလင်းတင်ပြကြသည်။

ထိထိရောက်ရောက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သင့်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ တားဆီးနှိမ်နင်းရေးကဏ္ဍ၊ ထုတ်လုပ်မှုပပျောက်ရေးကဏ္ဍ၊ သုံးစွဲမှုပပျောက်ရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍတို့ကို ဟန်ချက်ညီညီ ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန်လိုကြောင်း။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတကာနယ်ပယ်နှင့်လည်းကောင်း၊ ဒေသတွင်း နိုင်ငံများနှင့်လည်းကောင်း ဆက်စပ်ညှိနှိုင်း လက်တွဲပူးပေါင်း ဆောင်ရွက်ရသည့် ပြဿနာမျိုးဖြစ်၍ ပူးပေါင်းညှိနှိုင်းမှုကောင်းကောင်း၊ အားထုတ်မှုကောင်းကောင်းဖြင့် အစဉ်တစိုက် ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

အဆက်အစပ်ရှိရှိဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်နေရသည်ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပါ အဆက်အစပ်ရှိရှိ ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညနေပိုင်းတွင် အထူးအစည်းအဝေးကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းစွမ်းဆောင်မှု

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာသည် မြန်မာလူမျိုးတို့၏ တန်ဖိုးထား စောင့်ထိန်းအပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ထိခိုက်ပျက်ပြားစေသဖြင့် လျော့နည်းပပျောက်သွားသည်အထိ မိမိနိုင်ငံ၏ စွမ်းအားအရင်းအမြစ်များဖြင့် အစွမ်းကုန် ကြိုးပမ်းတိုက်ဖျက်လျက်ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်းရှိ နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ထို့အတူ ပြည်ထောင်စုတစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားရေးဘဝမြင့်တင်ရေးနှင့် ရေရှည်တည်တံ့သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တည်ဆောက်ရေးစီမံကိန်းအဆင့်ဆင့်ကို တစ်ဆက်တစ်စပ်တည်း ဖော်ဆောင် ပေးနေကြောင်း လေ့လာရှုမြင်သုံးသပ် တွေ့ရှိနိုင်ပါသည်။

စက်ရုံအချို့ပိတ်လိုက်ရသဖြင့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရကာ အမျိုးသမီးငယ်များ လူကုန်ကူးမှု သားကောင်ဘဝ ကျရောက်မည့် အန္တရာယ်နှင့်ရင်ဆိုင်ရမည်ကို စိုးရိမ်ဖွယ် မြင်တွေ့ရသည့်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့က ၎င်းတို့အတွက် အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးခဲ့ရ။

သို့ရာတွင် အနောက်အင်အားကြီးနိုင်ငံတစ်ခုက ၎င်း၏ ဗိုလ်ကျစိုးမိုးရေး မဟာဗျူဟာအတိုင်း မြန်မာနိုင်ငံ၏ ဖော်ပြပါ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ဘက်စုံ၊ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်း စွမ်းဆောင်မှုများကို လက်တွေ့ကျကျ သုံးသပ်မှုမပြုဘဲ လျစ်လျူရှုကာ တစ်ဖက်သတ်စွပ်စွဲမှုများ ပြုလုပ်နေပါသည်။ ၎င်းတို့၏ ပြည်တွင်းဥပဒေဖြင့် တိုင်းတာပြီး မြန်မာနိုင်ငံအား လူကုန်ကူးမှုတိုက်ဖျက်ရာတွင် အဆင့်အနိမ့်ဆုံး TIER-3 သတ်မှတ်မှု ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးရေးနှင့် စီးပွားရေးတိုးတက်ရေး တည်ဆောက်မှုများ နှောင့်နှေး ကြန့်ကြာစေရန်အတွက် အရေးယူ ပိတ်ဆို့မှုများကိုလည်း တစ်ဖက်စောင်းနင်း ပြုလုပ်လျက်ရှိနေပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပါသည်။ မြန်မာ့ထုံးတမ်းဓလေ့ ယဉ်ကျေးမှုများက မြန်မာအမျိုးသမီးများအား အမျိုးသားများနှင့်တန်းတူ အခွင့်အရေး ပေးထားပါသည်။ မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် အမျိုးသမီးများဘဝ လုံခြုံရေးလုပ်ငန်းများကို ဘက်စုံမြှင့်တင် ဆောင်ရွက်ပေးသွားနိုင်ရန်အတွက်လည်း ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(Myanmar Women's Affairs Federation-MWAF)ကိုဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သော ရည်ရွယ်ချက်များကို ကြည့်လျှင်-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၄) တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်၊

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်

ဟူသည့် ကောင်းမြတ်သော ရည်ရွယ်ဖော်ဆောင်မှုများဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်းနှင့် ကူညီစောင့်ရှောက်ခြင်း လုပ်ငန်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကြိုတင်ကာကွယ်မှုအနေဖြင့် လူကုန်ကူးမှု သဘောသဘာဝကို နားလည်သိရှိနိုင်စေရန် အသိပညာ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ တားဆီးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လေ့ကျင့်ဆွေးနွေး ပညာပေးသင်တန်းများပြုလုပ်ပြီး တားဆီးကာကွယ်မှုပြုလုပ်ခြင်း၊ Counseling အဖွဲ့များဖြင့် ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်နေပါသည်။ ကူညီစောင့်ရှောက်ရေးကဏ္ဍတွင် လူကုန်ကူးခံရသူများကို ဤဘဝမျိုး နောက်ထပ်မရောက်ရအောင် အကြံဉာဏ်ပေးခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မိသားစုထံ စနစ်တကျ ပြန်လည်အပ်နှံပေးခြင်းများကို အစိုးရဌာနများ၊ အခြားလူမှုရေးအသင်းအဖွဲ့များ၊ INGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးနေပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လူကုန်ကူးမှုတားဆီးရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆိုင်ရာ အခြေအနေမှန်များကို အသိဆုံးပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှု ကာကွယ်တားဆီးရေးဥပဒေကို ပြဋ္ဌာန်းပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ် မေလအထိ လူကုန်ကူးမှုဆိုင်ရာ အရေးယူမှု ၆၈၄ မှုတွင် တစ်ကျွန်းပြစ်ဒဏ် နှစ်ဦးနှင့် ၁၀ နှစ်အထက် ထောင်ဒဏ် ၉၉ ဦး အပါအဝင် တရားခံ ၁၉၂၀ ကို ထိထိရောက်ရောက် အရေးယူခဲ့သည်ကို တွေ့ရှိနိုင်ပါသည်။ တားဆီးကာကွယ်မှုအပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပါဝင်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းပြီး ပညာပေးဆွေးနွေးခဲ့သူ ၈ ဒသမ ၃ သိန်းကျော်ရှိပြီး တားဆီးနိုင်ခဲ့သူ ၂၈၄၀ ရှိပါသည်။

ကရင်ပြည်နယ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း လူဦးရေ ၄၅၇၃၁ ဦးကို လူကုန်ကူးမှုနှင့်ပတ်သက်ပြီး ပညာပေးဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် ၁၆၁၀၃ ဦးကို တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ခြင်းမှ တားဆီးပြီး ပြန်လည်စေလွှတ်နိုင်ခဲ့ပါသည်။ ၂၃ ဦးကို မိဘရပ်ထံ စနစ်တကျ ပြန်လည်အပ်နှံနိုင်ခဲ့ပြီး ဥပဒေအရ လူကုန်ကူးမှု ၈၂ မှုကို အရေးယူဆောင်ရွက်နိုင်ကာ တရားခံ ၁၂၇ ဦးကို အပြစ်ပေးအရေးယူနိုင်ခဲ့ပါသည်။

လူကုန်ကူးခံရသူများအတွက် မြဝတီမြို့၌ လက်ခံရေးစခန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး UNIAP, Save the Children (UK), World Vision စသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူကုန်ကူးခံရသူများကို လက်ခံခြင်း၊ မိဘရပ်ထံပြန်လည်အပ်နှံခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ လူမှုဝန်ထမ်း ဖွံ့ဖြိုးရေးဌာန လက်အောက်ရှိ Kredtrakam အမျိုးသမီးဂေဟာ၌ ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာအမျိုးသမီးများကို မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး မြဝတီမြို့ ချစ်ကြည်ရေးတံတား၌ ၂၀၀၅ ခုနှစ် ဇွန် ၂၂ ရက်မှ စတင်လွှဲပြောင်းပေးအပ်ခဲ့သည်မှာ ယခုဆိုလျှင် သုံးကြိမ်ရှိသွားပြီး စုစုပေါင်း ၂၀ ကို စနစ်တကျလက်ခံခဲ့ပြီး ဖြစ်ပါသည်။ ပြန်လည်လက်ခံခဲ့သည့် လူကုန်ကူးခံရသူများကို ရန်ကုန်မြို့ အမျိုးသမီး သက်မွေးပညာသင်တန်းကျောင်း၌ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများကို တစ်လတာ သင်ကြားစေပြီး သင်တန်းပြီးဆုံးသည့်အခါ မိဘဆွေမျိုးများထံသို့ စနစ်တကျ ပြန်လည်အပ်နှံပေးခဲ့ပါသည်။

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ကျေးရွာများအထိ ကွင်းဆင်းပြီး လူကုန်ကူးမှုဆိုင်ရာ ပညာပေးဇာတ်ကားများပြသခြင်း၊ အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UNIAP တို့ ပူးပေါင်းဖွဲ့စည်းထားသည့် Mobile Team အဖွဲ့သည် ကယားပြည်နယ်ကို သွားရောက်ပြီး ၂၀၀၆ ခုနှစ် ဧပြီ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ Training of Service Providers on Trafficking in Persons သင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။ ယင်းသင်တန်းကို လူကုန်ကူးမှုနှင့် ဆက်နွှယ်ပတ်သက်နေသည့် ဌာနများမှ ခရိုင်၊ မြို့နယ်အဆင့် အရာရှိများ၊ ခရိုင်/မြို့နယ်အဆင့် အမျိုးသမီးရေးရာ

ခင်ယွ

အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက
စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့
ပြည်နယ်တစ်ခုလုံး၌ ၂၀၀၄-၂၀၀၅ ခု
ပညာပေး ဟောပြောပွဲ ၉၃ ကြိမ်၊ တ
လူကုန်ကူးမှုဆိုင်ရာဆွေးနွေးပွဲ ၂၄ ကြိ
ပညာပေးဟောပြောနိုင်ခဲ့ပါသည်။ ထ
နိုင်ခဲ့သည့်အတွက် ၂၀၀၄-၂၀၀၅ ခုနှ
လူကုန်ကူးခံရသူ တစ်ဦးသာရှိခဲ့ပြီး မ
စကားကို နားယောင်ကာ နယ်စပ်
မိန်းကလေးကို ပြည်နယ် အမျိုး
ရှင်းပြပြီး မိဘရပ်ထံအရောက် ပြန်
သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)
အိမ်နီးချင်းသုံးနိုင်ငံဖြစ်သည့် တရ
နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသ
ခရိုင်သည် ရှမ်းပြည်နယ်မှ တစ်ဖက်
အရေးပါသော နယ်စပ်ထွက်ပေါက်
အတွင်းပိုင်းမှ ဗဟုသုတနည်းပါးသ
သူများက မက်လုံးပေး စည်းရုံးသိမ်း
မြို့များကိုဖြတ်ကာ တစ်ဖက်နိုင်ငံ
သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်း
လူကုန်ကူးမှုတားဆီးကာကွယ်ရန်န
မိန်းကလေးများ တစ်ဖက်နိုင်ငံသို့
ကျိုင်းတုံ လေဆိပ်၊ တာချီလိတ်
စောင့်ကြည့်ရေးအဖွဲ့များချထားကာ
ခရီးသည်များအတွင်းမှ လူကုန်ကူး
ဖွယ်ရာ ခရီးသွားလာမှုများကို စိစစ်
လျက် ရှိပါသည်။

လူကုန်ကူးမှု တားဆီးကာကွ
လူကုန်ကူးမှု တားဆီးကာကွယ်
ဖေဖော်ဝါရီလ ၂၇ ရက်တွင်ထုတ်ပြန်
အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူ
အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး

မြန်မာနိုင်ငံ၏လူကုန်ကူးမှုတားဆီးကာကွယ်ရေး အားထုတ်ကြိ
မှုကို စိတ်ကောင်းစေတနာမှန်ဖြင့် အထောက်အကူပြုရမည့်အ
နိုင်ငံခြားရေးဝန်ကြီးဌာန၏ အမှားမှားအယွင်းယွင်း စွပ်စွဲမှုနှင့် တစ်
ပိတ်ဆို့မှုများသည် မြန်မာအမျိုးသမီးငယ်များအား လူကုန်ကူးခံ
ဘဝသို့ တွန်းပို့နေသဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချု
နိုင်ငံခြားရေးဝန်ကြီးဌာန၏ ယခုနှစ် ဇွန်လတွင်ထုတ်ပြန်သည့် လူ
ခံစာအား အဆင့်(၃) သတ်မှတ်ခြင်းကို ကန့်ကွက်။

...စွမ်းဆောင်မှုများ(၃)

ခင်ယွန်းစံ

အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ စုစုပေါင်း ၃၂ဦး တက်ရောက်ခဲ့ကြပါသည်။ ထို့ပြင် ကယားပြည်နယ်တစ်ခုလုံး၌ ၂၀၀၄–၂၀၀၅ခုနှစ်အတွင်း လူကုန်ကူးမှုဆိုင်ရာ ပညာပေး ဟောပြောပွဲ ၉၃ကြိမ်၊ တက်ရောက်သူဦးရေ ၉၁၁၄ဦးနှင့် လူကုန်ကူးမှုဆိုင်ရာဆွေးနွေးပွဲ ၂၄ကြိမ် တက်ရောက်သူ ၃၁၂၀တို့ကို ပညာပေးဟောပြောနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ စည်းရုံးဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ၂၀၀၄–၂၀၀၅ခုနှစ်အတွင်း ကယားပြည်နယ်၌ လူကုန်ကူးခံရသူ တစ်ဦးသာရှိခဲ့ပြီး မသိနားမလည်ဘဲ လူပွဲစားများ၏ စကားကို နားယောင်ကာ နယ်စပ်သို့ ရောက်သွားသည့် ယင်းမိန်းကလေးကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က အဖြစ်မှန်ရှင်းပြပြီး မိဘရပ်ထံအရောက် ပြန်လည်ပို့ဆောင် အပ်နှံပေးခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းသုံးနိုင်ငံဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသတစ်ခုဖြစ်ပါသည်။ တာချီလိတ်ခရိုင်သည် ရှမ်းပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ ထွက်ပေါက်များအနက် အရေးပါသော နယ်စပ်ထွက်ပေါက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းပိုင်းမှ ဗဟုသုတနည်းပါးသည့် မိန်းကလေးများကို မသမာသူများက မက်လုံးပေး စည်းရုံးသိမ်းသွင်းပြီး ကျိုင်းတုံ၊ တာချီလိတ်မြို့များကိုဖြတ်ကာ တစ်ဖက်နိုင်ငံသို့ ဖြားယောင်း ခေါ်ဆောင်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရန်နှင့် အရွယ်မရောက်သေးသည့် မိန်းကလေးများ တစ်ဖက်နိုင်ငံသို့ မရောက်သွားစေရန်အတွက် ကျိုင်းတုံ လေဆိပ်၊ တာချီလိတ်လေဆိပ်နှင့် ကားဂိတ်များတွင် စောင့်ကြည့်ရေးအဖွဲ့များချထားကာ ဒေသအတွင်း ဝင်ရောက်လာသူ ခရီးသည်များအတွင်းမှ လူကုန်ကူးမှုနှင့် ပတ်သက်သည့် မသင်္ကာဖွယ်ရာ ခရီးသွားလာမှုများကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်လျက် ရှိပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်တွင်ထုတ်ပြန်သည့် အမိန့်အမှတ်(၄/၂၀၀၆) အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူကုန်ကူးမှုကာကွယ်ရေး အဖွဲ့ကို အဖွဲ့ဝင် ၁၅ဦးဖြင့် ဖွဲ့စည်းထားပြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကလည်း အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများကို ချောင်းဆုံမြို့နယ်၊ ရေးမြို့နယ်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်များတွင် ၂၂ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲများကို ၁၆၉ကြိမ် ကျင်းပခဲ့ပြီး အမျိုးသမီးပေါင်း ၁၄၅၈၇ဦးကို ပညာပေးဟောပြောနိုင်ခဲ့ပါသည်။ မွန်ပြည်နယ်တွင် လူမှောင်ခိုနှင့်လူကုန်ကူးခြင်းခံရသော အမျိုးသမီးများမှာ (၁၈)နှစ်အထက် ၈၉ဦးနှင့် (၁၈)နှစ်အောက် ၁၈ဦး စုစုပေါင်း ၁၀၇ဦး ရှိခဲ့ပါသည်။ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က လူမှောင်ခိုနှင့် လူကုန်ကူးသူ(ကျား) ၁၈ဦး၊ (မ) ကိုးဦး စုစုပေါင်း ၂၇ဦးအား ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မုဒုံမြို့နယ်၊ ပေါင်မြို့နယ်၊ ချောင်းဆုံမြို့နယ်တို့မှ အမျိုးသမီးငယ်အချို့ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် သွေးဆောင်ဖြားယောင်း စည်းရုံးခံခဲ့ရသည်ကို အချိန်မီဖော်ထုတ်သိရှိခဲ့သဖြင့် ခေါ်ယူတွေ့ဆုံကာ နှစ်သိမ့်ဆွေးနွေးပြီး မိဘရပ်ထံ ပြန်လည်အပ်နှံပေးနိုင်ခဲ့ပါသည်။ သထုံမြို့နယ် နောင်ဘိုကျေးရွာနှင့် ပေါင်မြို့နယ် မုတ္တမကျေးရွာမှ အမျိုးသမီးငယ်များနှင့် အမျိုးသားများကိုလည်း လူကုန်ကူးသူများက တစ်ဖက်နိုင်ငံသို့သွားရောက်ရန် ဖြားယောင်းသွေးဆောင်နေစဉ် ဖော်ထုတ်တားဆီး နိုင်ခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံနိုင်ခဲ့ပါသည်။

ထို့အပြင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်နှင့် ပဲခူးတိုင်း သနပ်ပင်မြို့နယ်တို့မှ တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် (ကျား) ၁၁ဦး၊ (မ)၂၂ဦးတို့အား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က အသိပညာပေး ဟောပြောပြီး နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ၂၀၀၅ခုနှစ်အတွင်း တားဆီးပြန်လွှတ်ခဲ့သည့် ဦးရေမှာ (ကျား)၉၂ဦး၊ (မ)၁၀၂ဦး၊ စုစုပေါင်း ၁၉၄ဦးဖြစ်ပြီး ၎င်းတို့အား အသိပညာပေး ဟောပြောကာ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံသို့ရောက်ရှိသွားပြီး တစ်ဖက်နိုင်ငံ လူမှုဝန်ထမ်းဌာနမှ စောင့်ရှောက်ထားသော အမျိုးသမီး ၁၃ဦး၊ အမျိုးသားငါးဦး စုစုပေါင်း ၁၈ဦးကိုလည်း မိဘရပ်ထံ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မိသားစုနှင့် ဆက်သွယ်စုံစမ်းခြင်းကို လူမှုဝန်ထမ်းဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သို့ဖြစ်၍ အနောက်အင်အားကြီးနိုင်ငံတစ်ခုက မိမိတို့မြန်မာနိုင်ငံအပေါ် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရာတွင် အားအနည်းဆုံးနိုင်ငံအဖြစ် တစ်ဖက်သတ်စွပ်စွဲနေခြင်းမှာ မှန်ကန်မှုမရှိဘဲ မြန်မာနိုင်ငံသည် လူမှောင်ခိုနှင့်လူကုန်ကူးမှုကို ဒေသအတွင်း၌ပင် ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်သော နိုင်ငံဖြစ်သည်မှာ သိသာထင်ရှားနေပါသည်။

ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ၎င်းတို့အတ္တကျိုးကိုသာ ရှေးရှုပြီး မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်လျက်ရှိနေပါသည်။ ထင်ရှားသည့် သာဓကတစ်ခုမှာ အနောက်အင်အားကြီးနိုင်ငံတစ်ခု၏အလိုကျ မြန်မာ့ပြည်တွင်းရေးကိစ္စကို နိုင်ငံတကာ မျက်နှာစာပေါ်တင်ပြီး စီးပွားရေး၊ လူမှုရေးပိတ်ဆို့မှုများဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုခဲ့ကြ၍ ရန်ကုန်တိုင်းအတွင်း အထည်ချုပ်စက်ရုံ ၁၆၀ခန့် ပိတ်ခဲ့ရသည့်အပြင် စက်ရုံ၄၀ခန့်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရသည့်အတွက် စက်ရုံအလုပ်သမားပေါင်း ရှစ်သောင်းကျော်ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး စားဝတ်နေရေး ကသီလင်တဖြစ်ခဲ့ရပါသည်။ ၎င်းအလုပ်သမားများထဲတွင် အမျိုးသမီးအလုပ်သမပေါင်း ခုနစ်သောင်းကျော် ပါဝင်ခဲ့ပါသည်။ စက်ရုံအလုပ်ရုံများ ပိတ်လိုက်ရသောကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရင်းဖြင့် ရပ်တည်ရန် ခက်ခဲမှုအပေါ် အမြတ်ထုတ်လိုသူတို့၏ လှည့်ဖြားမှုကြောင့် အမျိုးသမီးငယ်အချို့သည် လူကုန်ကူးမှု၏ သားကောင်ဖြစ်ခဲ့ရသည်အထိ အတိဒုက္ခရောက်ခဲ့ရကြောင်း တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဖော်ပြခဲ့သည့်အတိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို အတိအလင်းပြဋ္ဌာန်းပြီး တစ်နိုင်ငံလုံးရော ဒေသတွင်းနိုင်ငံများနှင့်ပါ လက်တွေ့ကျကျ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို မျက်ကွယ်ပြု၍ အမေရိကန်နိုင်ငံခြားရေးဌာနက အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးသူများ ကာကွယ်မှုအက်ဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကို အဆင့်(၃)သတ်မှတ်၍ Sanction ချမှတ်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ စက်ရုံအလုပ်ရုံများ၏ ထုတ်ကုန်များ ပြည်ပတင်ပို့ခွင့် ပိတ်ပင်မှုခံခဲ့ရခြင်းဖြစ်ပါသည်။ **စက်ရုံအချို့ ပိတ်လိုက်ရသဖြင့် အလုပ်သမားများ အလုပ်လက်မဲ့ ဖြစ်ခဲ့ရကာ အမျိုးသမီးငယ်များ လူကုန်ကူးမှုသားကောင်ဘဝ ကျရောက်မည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်ဖွယ်မြင်တွေ့ရသည့်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့က ၎င်းတို့အတွက် အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးခဲ့ရ**ပါသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အားထုတ်ကြိုးပမ်း စွမ်းဆောင်မှုကို စိတ်ကောင်းစေတနာမှန်ဖြင့် အထောက်အကူပြုရမည့်အစား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အမှားမှားအယွင်းယွင်းစွပ်စွဲမှုနှင့် တစ်ဖက်သတ်တားဆီးပိတ်ဆို့မှုများသည် မြန်မာအမျိုးသမီးငယ်များအား လူကုန်ကူးခံရသူ သားကောင်ဘဝသို့ တွန်းပို့နေသဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ယခုနှစ် ဇွန်လတွင် ထုတ်ပြန်သည့် လူကုန်ကူးမှု အစီရင်ခံစာအား အဆင့်(၃) သတ်မှတ်ခြင်းကို ကန့်ကွက်ကြောင်း ကြေညာခဲ့ပါသည်။

ယင်းသို့ ဟန့်တားနှောင့်ယှက်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံသည် လူကုန်ကူးမှုကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်သော လူ့ပတ်ဝန်းကျင်နှင့် ပြည်တွင်းအားကို မဏ္ဍိုင်ပြုပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် အားထုတ်ကြိုးပမ်းစွမ်းဆောင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

...ကာကွယ်ရေး အားထုတ်ကြိုးပမ်း စွမ်းဆောင် ...အထောက်အကူပြုရမည့်အစား အမေရိကန် ...ယွင်းယွင်း စွပ်စွဲမှုနှင့် တစ်ဖက်သတ် တားဆီး ...ငယ်များအား လူကုန်ကူးခံရသူ သားကောင် ... အမျိုးသမီးရေးရာအဖွဲ့ချုပ်က အမေရိကန် ...န်လတွင်ထုတ်ပြန်သည့် လူကုန်ကူးမှု အစီရင် ...ကို ကန့်ကွက်။

ဓမ္မဝိနယာလင်္ကာရစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ စိန်ရတနာ ဓမ္မာစရိယသင်တန်းကျောင်း၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ သာသနဝရ(ဓမ္မာစရိယ M.A)ဦးစီးတည်ထောင်သော ဓမ္မဗိမာန်က ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားလျက် အရှည်ခံ၍ တည်တံ့စေရန် ရည်သန်၍ ဓမ္မဝိနယာလင်္ကာရစာမေးပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလတွင်စတင်၍ ကျင်းပမည်ဖြစ်သည်။ စာမေးပွဲတွင် မည်သည့် ရဟန်းသာမဏေမဆို အသက်အကန့်အသတ်မရှိ ဝင်ရောက် ဖြေဆိုနိုင်ကြောင်းနှင့် ဝင်ရောက်ဖြေဆိုလိုသော ရဟန်းသာမဏေများသည် ဓမ္မဗိမာန် အမှတ် ၆၈၆ ဒုတိယထပ် ၅လမ်းနှင့် ၆ လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း– ၂၁၁၃၅၉ သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ပညာ ပညာ

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေးသီတင်းပတ် ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဩဂုတ် ၅

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍအမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံး၌ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နှိုးဆော်

၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ၂၀၀၆ခုနှစ် ဩဂုတ် ၁၄ရက်မှ ၁၉ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံး၌ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်း စသည့် ကျောင်းကျန်းမာရေးလုပ်ငန်း (၅)ရပ်ကို ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ ပြည့်မီရေးအတွက် မိဘများနှင့် ပူးပေါင်း ဖြည့်ဆည်း ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၆–၈–၂၀၀၆ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ မြန်မာဗီဒီယိုဇာတ်လမ်း **“ရှင်နေမင်းနှင့် လတစ်စင်း”** ဝေဠုကျော်၊ မေသဉ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ရှုးရှုးမောင် (ဒါရိုက်တာ–အောင်ဩဘာ)
- ၁၃:၄၀ ၅။ မိခင်နို့အစားထိုးကြော်ငြာများ တားမြစ်ချက်ရှိသည် သတိထား
- ၁၃:၅၀ ၆။ အကပြိုင်ပွဲ
- ၁၄:၀၅ ၇။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၁၄:၁၅ ၈။ အတီးပြိုင်ပွဲ
- ၁၄:၂၅ ၉။ **“စည်းကမ်းလိုက်နာ ဘေးကင်းမှာ”** ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး(ဝ/သ–ရန်ကုန်)]
- ၁၄:၃၀ ၁၀။ အဆိုပြိုင်ပွဲ
- ၁၄:၄၀ ၁၁။ ဂုံညင်းတန်းတံတား
- ၁၄:၄၅ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ Discovery
- ၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဖြူစင်မေတ္တာ”** (အပိုင်း–၂၀) (ဇာတ်သိမ်းပိုင်း)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မေတ္တာပန်းတိုင်”** (အပိုင်း–၈)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်သန့်ရှင်းရေးဆောင်ရွက် အင်းစိန် အောင်ဆန်းရပ်ကွက် ခြင်များမခိုအောင်းနိုင်ရေးဆေးဖျန်း

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကျင်းပသော ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှု အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲရန်အတွက် ထောက်ပံ့သည့် ငွေကျပ်သိန်း ၂၀ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲရန်အတွက် ထောက်ပံ့သည့် ငွေကျပ်သိန်း ၂၀ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌများအားသန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

ပေးအပ်

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးပိုစတာများကို အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့သည် ကျောင်းရှေ့၌ကျင်းပသော အင်းစိန်မြို့နယ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ကြ၍ ပျိုးပင်များကို ဝေငှပေးအပ်ကြပြီး အမှတ်တရ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

လိုက်လံကြည့်ရှု

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသည့် ခြင်များမခိုအောင်းနိုင်စေရန်အတွက် ခြင်ဆေးဖျန်းနေမှုနှင့် ယင်လုံအိမ်သာနမူနာ ဆောက်လုပ်ပြသထားရှိမှုတို့ကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၃) စက္ကူစက်(ပလိပ်)မှ ထုတ်လုပ်သော သတင်းစာအရည်အသွေးမြှင့်တင် ဓာတုစက်ကြိတ်ပျော့ဖတ်များကို ကုန်ကြမ်းအဖြစ် အစားထိုးအသုံးပြုရန်ရည်ရွယ် ပိုလျှံသော ထွက်ကုန်ပျော့ဖတ်များ ပုဂ္ဂလိကသို့ ကုန်ကြမ်းအဖြစ်ရောင်းချ

နေပြည်တော် ဩဂုတ် ၅

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေလေ့လာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသီဟ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကြည်မောင်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်၈နာရီတွင် မန္တလေးတိုင်း လယ်ဝေးမြို့နယ် တဲကြီးကုန်းကျေးရွာအနီး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ အကောင်အထည်ဖော်မည့် ဘိလပ်မြေစက်ရုံစီမံကိန်းဌာနသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသီဟက တောင်ဖီလာတောင်မှထွက်ရှိသော ထုံးကျောက်များ၏ အရည်အသွေး၊ စမ်းသပ်မှုမှ ရရှိလာသော ထုံးကျောက်များ၏ အခြေအနေများ၊ တောင်ဖီလာတောင်သည် ပင်လယ်ပြင်အထက် ၁၀၅၂ပေ၌ တည်ရှိမှုစသည့် အချက်အလက်များနှင့်စပ်လျဉ်း၍ တောင်ဖီလာတောင် ထုံးကျောက်သိုက် လုပ်ကွက်နမူနာများရယူသည့် တည်နေရာပြ မြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကြည်မောင်က စက်ရုံတည်မည့်မြေပြန့်အခြေအနေ၊မယ်ဟော်ချောင်းမှ ရေရရှိနိုင်မည့် အခြေအနေ၊ ထုံးကျောက်များ တူးဖော်မည့် အနေအထားနှင့်တူးဖော်ပြီး ထုံးကျောက်များအားရွေ့လျား စက်လှေကားများဖြင့် စက်ရုံသို့ ပေးပို့နိုင်မည့် အစီအမံများကို တောင်ဖီလာထုံးကျောက်သိုက်တည်နေရာပြမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

စိစစ်သုံးသပ်

ဝန်ကြီးက ဤနေရာသည် စိုက်ပျိုးမြေနှင့်ကင်းလွတ်သည်၊ မြေပြန့်လွင်ပြင်လည်းတည်ရှိသည်၊ ပတ်ဝန်းကျင် အခြေအနေလည်း စက်ရုံတည်ဆောက်ရန် အခြေခံကောင်းများ ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ စက်ရုံမတည်ဆောက်မီ စက်ရုံအနေအထား၊ မြို့ပြဆိုင်ရာ တည်ဆောက်မည့် အခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင်မှုကိစ္စများကို အပြန်အလှန်စိစစ်သုံးသပ်ခြင်း၊ ပညာရှင်များနှင့် ညှိနှိုင်းခြင်းများ ပြုလုပ်၍ ဆောင်ရွက်သွားရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်ဖီလာ ထုံးကျောက်တောင်ပေါ်သို့ တက်ရောက်ပြီး ထုံးကျောက် နမူနာများကိုလည်းကောင်း၊ ထုံးကျောက်တူးဖော်မည့်စက်များအား တောင်ပေါ်သို့ တင်နေမှု အခြေအနေများကိုလည်းကောင်း၊ ထုံးကျောက်များတူးဖော်မည့်နေရာကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ရေနီမြို့သို့ ရောက်ရှိပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံသို့ရောက်ရှိသည်။

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးညွန့်အောင်က ရေနီအမှတ်(၂) စက္ကူစက်ရုံအတွင်း တည်ဆောက်အကောင်အထည်ဖော်မည့် တစ်နေ့တန်(၅၀) ဓာတုစက်ကြိတ် ပျော့ဖတ်စက်ရုံ၊ တစ်နေ့တန်(၈၀) စက္ကူညိုစက်ရုံနှင့်တစ်နေ့တန်(၁၂၀)ဓာတ်ဆားပြန်ထုတ်စက်ရုံများ တည်ဆောက်ရေးစီမံကိန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများမစတင်မီ စနစ်တကျ လေ့လာသုံးသပ် ဆောင်ရွက်သွားရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နေမှု အခြေအနေများကိုလည်းကောင်း၊ မြေကြီးခံနိုင်စွမ်းရည် စမ်းသပ် ပိုင်ရိုက်မည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကုန်ကြမ်းအဖြစ်

တစ်နေ့တန်(၅၀)ဓာတုစက်ကြိတ်ပျော့ဖတ်စက်ရုံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ အမှတ်(၃) စက္ကူစက်(ပလိပ်)မှ ထုတ်လုပ်သော သတင်းစာ အရည်အသွေးမြှင့်တင်ရန်အတွက်လည်းကောင်း ၊ဓာတုစက်ကြိတ်ပျော့ဖတ်များကိုကုန်ကြမ်းအဖြစ် အစားထိုး အသုံးပြုနိုင်ရန်လည်းကောင်း၊ ပိုလျှံသောထွက်ကုန် ပျော့ဖတ်များကို ပြည်တွင်းပုဂ္ဂလိကစက္ကူစက်များသို့ ကုန်ကြမ်းအဖြစ်ရောင်းချသွားရန်လည်းကောင်း ရည်ရွယ်သည်။

တစ်နေ့တန်(၈၀) စက္ကူညိုစက်ရုံတည်ဆောက်ရခြင်းမှာ ပြည်တွင်း ဘိလပ်မြေအိတ် စက္ကူများလုံလောက်စွာ ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး တစ်နေ့ တန်(၁၂၀) ဓာတ်ဆားပြန်ထုတ်စက်ရုံ တည်ဆောက်ရခြင်းမှာ တစ်နေ့တန်၄၀ထိတိုးမြှင့် Add-on ပြုလုပ်မည့် ၂၅တန် ဘိလပ်မြေအိတ်စက္ကူစက်ရုံနှင့် တည်ဆောက်သွားမည့် တစ်နေ့ တန်၈၀ စက္ကူညိုစက်ရုံ စုစုပေါင်းပျော့ဖတ် တစ်နေ့ တန်၁၂၀ ထုတ်လုပ်ရန် အသုံးပြုသည့် Caustic Sodaများကို ပြန်လည်ဆယ်တင်ရန် တည်ဆောက်ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရေနီအမှတ်(၂)စက္ကူစက်ရုံအတွင်း ဓာတုသစ်ပျော့ဖတ်ကြိတ်စက်ရုံတိုးချဲ့ဆောင်တည်ဆောက်မှု အခြေအနေများကိုလည်းကောင်း၊ သစ်နှင့်ဝါး အခြေခံ Chipများကို လည်းကောင်း၊သစ်ပျော့ဖတ်များကြိတ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ သစ်ပျော့ဖတ်ပြုတ်ခြင်းလုပ်ငန်းများနှင့် ပြုတ်ပြီးသစ်ပျော့ဖတ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းစိုးက ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပေါင်းစပ်

ဝန်ကြီးက ဓာတုပျော့ဖတ်များ စမ်းသပ် ထုတ်လုပ်ခြင်းလုပ်ငန်းအား အချိန်အတိုင်းအတာ နှင့်အညီ စမ်းသပ်ဆောင်ရွက်ရန်နှင့် နည်းပညာရှင်များနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ချက်အိုးဌာနသို့ ရောက်ရှိပြီး ကုန်ထုတ်လိုင်းတစ်လျှောက် စက္ကူများထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ ထုတ်လုပ်ပြီး စက္ကူလိပ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက်တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတတ်ပညာရှင်များကို သစ်သီးခြင်း လက်ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားလုပ်ငန်း လူ့စွမ်းအားအထူးကော်မတီအစည်းအဝေး
နှင့်
(၁၈)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း
လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့အစည်းအဝေး
မြန်မာနိုင်ငံ၊ မန္တလေးမြို့
၉-၈-၂၀၀၆ မှ ၁၁-၈-၂၀၀၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့မွန်းလွဲ၁နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ဆုရရှိကြသူများအား လည်းကောင်း **(ယာပုံ)**၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက တစ်ခန်းရပ်ပြဇာတ်ပြိုင်ပွဲ၌ ဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ပညာပေးဟောပြော

ယင်းနောက် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်အုန်းမြင့်က မိခင်နို့စနစ်တကျ တိုက်ကျွေးရေးနှင့်ပတ်သက်၍ ပညာပေး ဟောပြောသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ပညာပေးဟောပြောခဲ့သော ဒေါက်တာ ဒေါ်အုန်းမြင့်အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးရှင်ဖခင် ဦးသူဒေါ်၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်တွင် နှစ်ဖက်သော မိဘဘိုးဘွားများအား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်း အမှတ်(A - ၁၀/၂၃–၂၅)နေ ဦးခင်မောင်ဝင်း–ဒေါ်စန်းစန်းနိုင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိပိဋကဆရာတော်များထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မင်္ဂလာဈေး ဓမ္မာရုံ အဖိတ်နေ့ တရားပွဲများ

ရန်ကုန် ဩဂုတ် ၅

ဗဟန်းမြို့နယ် ကြားတောရလမ်း ရှိ မင်္ဂလာဈေး ဓမ္မာရုံတော်ကြီး၌ အဖိတ်နေ့တိုင်း ည ၇နာရီတွင် တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၇ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ဩဂုတ် ၁၅ရက်တွင် အရှင် သုမင်္ဂလာ လင်္ကာရ (M.A. Buddhism) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဩဂုတ် ၂၁ရက်၌ တိပိဋကရေ တိပိဋကကောဝိဒ ဘဒ္ဒန္တ သုန္ဒရ (စွန်းလွန်းဆရာတော်)နှင့် ဩဂုတ် ၂၉ရက်တွင် အရှင်စန္ဒသိရီ (အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာ) ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်လူသို့ ကူးစက်ခြင်းမရှိစေရန် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင် ၂၀၀၆ခုနှစ် ဧပြီ ၂၆ ရက်က ရောဂါကင်းစင်ပပျောက်ကြောင်း ထုတ်ပြန်ကြေညာခဲ့

နေပြည်တော် ဩဂုတ် ၅

အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ကြီးမှူး၍ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသော အာရှဒေသတွင်းနိုင်ငံများ၏ ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ အသွင်ဖြစ်ပွားမှု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးများနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကြိုဆိုကြသည်။

အမှာစကား ပြောကြား

ဇူလိုင်၂၇ ရက်က နယူးဒေလီမြို့ ရှန်ဂရီလာဟိုတယ်၌ အာရှဒေသအတွင်း နိုင်ငံများ၏ ကြက်၊ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါအသွင်ဖြစ်ပွားမှု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးများနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးနှင့် လူမှုရေးဦးစီးဌာနအတွင်းဝန် မစ္စတာ ပီကေဟိုတာက အဖွင့် အမှာစကား ပြောကြားသည်။

အသေးစိတ်ဆွေးနွေး

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကြက်၊ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ အသွင်ဖြစ်ပွားမှု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအား စီမံချက်ရေးဆွဲ အကောင်အထည်ဖော်မှုအစီအစဉ်များ၊ ၂၀၀၆ခုနှစ် မတ်လနှင့်ဧပြီလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း မြို့နယ်အချို့ရှိ မွေးမြူရေးခြံများ၌ ကြက်၊ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားမှုအတွက် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရောဂါဖြစ်ပွားရာတွင်လည်း လူသို့ ကူးစက်ခြင်းမရှိစေရန် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် ဧပြီ ၂၆ ရက်က ကြက်၊တုပ်ကွေးရောဂါ ကင်းစင်ပပျောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်းဖြင့် အသေးစိတ် ဆွေးနွေးပြောကြားသည်။

မိန့်ခွန်းများပြောကြား

ဇူလိုင် ၂၈ ရက်က အာရှဒေသတွင်းနိုင်ငံများ၏ ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါအသွင်ဖြစ်ပွားမှု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးများနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို နယူးဒေလီမြို့ရှိ အိုဘီရိုင်းဟိုတယ်၌ စတင်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဆမ်လီပလမ် ဘမ်ချမ်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာဟီချောင်ချူ၊ ကုလသမဂ္ဂ တိရစ္ဆာန်များ ကျန်းမာရေးအဖွဲ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာ တာယူဟီဒီဖူဂျီတာ၊ အိန္ဒိယသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်စားသုံးသူများရေးရာဌာနဝန်ကြီး မစ္စတာ ရှာရတ်ပေါ်ဝါနှင့် အိန္ဒိယသမ္မတနိုင်ငံ ကျန်းမာရေးနှင့် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအမ်ဗျူမန်နီရာ မာဒိုးတို့က အသီးသီးမိန့်ခွန်းများ ပြောကြားကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသော အာရှဒေသတွင်း နိုင်ငံများ၏ ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးသို့ တက်ရောက်စဉ်။ (ကျန်းမာရေး)

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာရှဒေသအတွင်းနိုင်ငံများ၏ ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ထိန်းချုပ်ရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ အသွင်ဖြစ်ပွားမှု ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးများနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ သီရိလင်္ကာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ပြီး နိုင်ငံအသီးသီးမှ မိမိတို့နိုင်ငံအလိုက် ရောဂါကာကွယ် နှိမ်နင်းရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အတည်ပြုကြေညာ

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ Speaker of Lok Sabha ဖြစ်သူ မစ္စတာ ဆွန်နတ်ချပ်တာဂျီးက ကြက်၊ငှက်တုပ်ကွေးရောဂါနှင့် လူတွင်ဖြစ်ပွားတတ်သော ကြက်၊ငှက် တုပ်ကွေး ကပ်ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးဆိုင်ရာ ဒေလီကြေညာစာတမ်း (Delhi Declaration on Avian Influenza)ကို အတည်ပြုကြေညာခဲ့သည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံကျန်းမာရေးနှင့်လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အမ်ဗျူမန်နီရာမာဒိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

ပြန်လည်လိုက်ပါလာ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ တင်အေးကြည်နှင့် ကျန်းမာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်ထွန်းအောင်တို့ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

(၁၅)ကြိမ်မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၄ ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင် အမှာစကား ပြောကြားစဉ်။ (၃၅၂)

6-8 (11).p65 1 1/19/32, 1:24 AM

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ လယ်ယာ/ဆည်မြောင်း အားကစားမောင်မယ်ဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Calsome Nutritious Cereal Drink တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အမျိုးသမီးဗိုလ်လုပွဲတွင်သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်သွားကြပြီး တံခွန်စိုက်ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသွားကြသော ပြိုင်ပွဲတစ်ပွဲပင်ဖြစ်သည်။ ပြည်ထဲရေး အမျိုးသမီးအသင်းသည် ယခုဗိုလ်လုပွဲတွင် အကွက်စေ့စေ့ဖြင့် ရရှိသည့်ဂိုးသွင်းခွင့်ကို မိမိရရ အသုံးချ ကစားရာ ယမန်နှစ် ချန်ပီယံ လယ်ယာ/ဆည်မြောင်းအသင်း အဖို့ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။

သမ္မာနှင့်အတွေ့အကြုံ

ထို့ကြောင့် သမ္မာနှင့် အတွေ့အကြုံအရ လေးမှတ်အသာဖြင့် လယ်ယာ/ဆည်မြောင်းအသင်းက ပြည်ထဲရေးအသင်းကို ၇၆မှတ်–၇၃မှတ်ဖြင့် အနိုင်ရရှိကာ လေးနှစ်ဆက်တိုက် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြည်ထဲရေးအသင်းသည် ကြိုးစားကစားသော်လည်း ဒုတိယဖြင့်သာ ကျေနပ်သွားရသည်။ လယ်ယာ/ ဆည်မြောင်းအသင်းသည် သုံးနှစ် ဆက်တိုက် ဒိုင်းအပိုင်ရရှိသွားခြင်းဖြစ်သည်။

ဗိုလ်စွဲသွားသော လယ်ယာ/ဆည်မြောင်းအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်စိန်မြင့်နှင့် ဦးအုံးမြင့်၊ နည်းပြအဖြစ် ဒေါ်ခင်မာချိုတို့က ဆောင်ရွက်ပြီး ပါဝင်ယှဉ်ပြိုင်သွားသည့် ကစားသမားများမှာ **နောက်တန်း–** ဌေးဌေးမြင့် (အသင်းခေါင်းဆောင်)၊ စုစုဟန်၊ ဝေဝေခိုင်နှင့် မေလင်းခိုင်၊ **အလယ်တန်း**– သက်စုထွေးနှင့် သန္တာနိုင်၊ **ရှေ့တန်း**–ယုမွန်သော်၊ ဇင်ဇင်ထွန်း၊ သီတာအေးနှင့် ခင်မေသန်းတို့ ပါဝင်ကစားသွားကြသည်။

ဒုတိယ

အမျိုးသားဗိုလ်လုပွဲတွင် ယမန်နှစ်ချန်ပီယံ လယ်ယာ/ဆည်မြောင်းအသင်းက ယခုနှစ်မှပါဝင်ယှဉ်ပြိုင်လာသည့် SKYအသင်းကို ၇၇မှတ်–၆၄မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ လယ်ယာ/ဆည်မြောင်းအသင်းသည် နှစ်နှစ်ဆက်တိုက် ပထမဆုကိုဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ SKY အသင်းသည် ဒုတိယရရှိသွားသည်။

အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် လယ်ယာ/ဆည်မြောင်း အမျိုးသား အမျိုးသမီးအသင်းအား ဆုယူအပြီး အုပ်ချုပ်သူနည်းပြများနှင့်အတူတွေ့ရစဉ်။

ဓာတ်ပုံ–(မြန်မာ့အလင်း)

အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘော ပြိုင်ပွဲတွင် (ဝဲမှယာ) အမျိုးသား အထူးချွန်ဆုံးဆုရ လှထွန်း (လယ်ယာ/ဆည်မြောင်း) နှင့် အမျိုးသမီး အထူးချွန်ဆုံးဆုရ တင်တင်လတ် (ပြည်ထဲရေး) အသင်းတို့အား ဆုများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ–(မြန်မာ့အလင်း)

ဒိုင်းဆုချီးမြှင့်

အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက်ပထမရရှိသွားသော လယ်ယာ/ ဆည်မြောင်း အမျိုးသား အသင်း အား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်က ဒိုင်းဆုကြီးချီးမြှင့်စဉ်။

ဓာတ်ပုံ–(မြန်မာ့အလင်း)

တတိယ

အမျိုးသားတတိယနေရာလုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အမှတ်၁၁၀–အမှတ်၆၀ဖြင့် အနိုင်ရရှိပြီး တတိယရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော လယ်ယာ/ဆည်မြောင်း အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသောင်းထွန်းနှင့် ဦးအုံးမြင့်၊ နည်းပြအဖြစ် ဦးစိန်ဝင်း၊ အကူနည်းပြအဖြစ် ဦးထင်ကျော်တို့က ဆောင်ရွက်ပြီး ပါဝင်ယှဉ်ပြိုင်သွားသည့် ကစားသမားများမှာ **နောက်တန်း–**စိုင်းလှထွန်း(အသင်းခေါင်းဆောင်)နှင့် မောင်မောင်မြင့်၊ **အလယ်တန်း** – ကျော်သူအောင်နှင့် မောင်ငယ်၊ **ရှေ့တန်း** – တိုးညွန့်လှိုင်၊ ညီညီမောင်၊ မင်းမင်းထွန်း၊ ဝိုင်းထိုက်ကျော်၊ နေလင်း၊ ရှောက်ရင်၊ ကျော်သူအောင်နှင့်သီဟစိုးတို့ ပါဝင်ကစားသွားသည်။

အကောင်းဆုံးဆု

အကောင်းဆုံးအားကစားသမားဆုများ ရရှိသူများမှာ အမျိုးသမီးပြန်ကျဘော ဖမ်းသူဆုကို ဥမ္မာအေး(ပြည်ထဲရေး)၊ ခံစစ်ထူးချွန်ဆုကို စုစုဟန် (လယ်ယာ/ဆည်မြောင်း)နှင့် အထူးချွန်ဆုံးဆုကို တင်တင်လတ်(ပြည်ထဲရေး)တို့ကရရှိပြီး အမျိုးသားပြန်ကျဘောဖမ်းသူဆုကို နိုင်ဖြိုး(ကာကွယ်ရေး)၊ ခံစစ်ထူးချွန်ဆုကို ချစ်မြိုင် (SKY) နှင့် အထူးချွန်ဆုံးဆုကို လှထွန်း (လယ်ယာ/ဆည်မြောင်း) တို့က ရရှိသွားသည်။

ဆုချီးမြှင့်

ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ။

(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့်ဓာတ်ပုံ
သိန်းဝင်းလေး(မြန်မာ့အလင်း)

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်များ ထပ်ဆင့်လှူဒါန်းပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက လေးဒေါင့်ကန် စံပြစာကြည့်တိုက်သို့ ရုပ်မြင်သံကြားစက်ကို ထပ်ဆင့်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ကတ်ပြားအသစ်များ ထုတ်ပေးမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် အစည်းအရုံးဝင်ကတ်ပြားဟောင်းများကိုဖျက်သိမ်း၍ ကတ်ပြားအသစ်များ လဲလှယ်ထုတ်ပေးမည်ဖြစ်သဖြင့် ၂၀၀၆ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်၍ လျှောက်လွှာများကို တစ်စုံလျှင် ငွေကျပ် ၂၀၀ ဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ဝယ်ယူနိုင်ပြီး ဩဂုတ် ၇ ရက်မှ စတင်ကာ ဖြည့်စွက်ပြီး လျှောက်လွှာများကို စတင်လက်ခံမည်ဖြစ်သည်။

လျှောက်ထားရန်

ရုပ်ရှင်၊ ဗီဒီယို၊ ကာရာအိုကေနှင့် ကြော်ငြာရိုက်ကူးခြင်းလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်သူများအားလုံး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားရန်လိုအပ်သည်။

လျှောက်ထားလာသူများအား အလွှာလိုက်သတ်မှတ်ထားသော အဖွဲ့ဝင်ဖြစ်ခွင့် အချက်အလက်များ ပြည့်စုံပါက ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ရက်မှ စတင်၍ ကတ်ပြားအသစ်များကို ထုတ်ပေးသွားမည်ဖြစ်သည်။

သတ်မှတ်ထားသော အလွှာလိုက် အဖွဲ့ဝင်ဖြစ်ခွင့် အချက်အလက် မပြည့်စုံသေးသူများအား လျှောက်ထားဆဲအဖြစ် လက်ခံထားမည်ဖြစ်ခြင်းကြောင့် ရုပ်ရှင်၊ ဗီဒီယို၊ ကာရာအိုကေနှင့် ကြော်ငြာရိုက်ကူးသူအားလုံး လျှောက်ထားရမည်ဖြစ်သည်။

သတ်မှတ်ထား

အလွှာလိုက် အဖွဲ့ဝင်အဖြစ် သတ်မှတ်ထားသော အချက်အလက်များမှာ ဇာတ်လမ်းဇာတ်ညွှန်း အခြေခံလွှာ၌ ရုပ်ရှင်ကားကြီးတစ်ကား(သို့မဟုတ်) ဒီဗွီဒီ၊ ဗီဒီယိုဆယ်ကားတွင် ဇာတ်လမ်းဇာတ်ညွှန်း ရေးသားသူများ၊ ဒါရိုက်တာအခြေခံအလွှာ၌ရုပ်ရှင်ကားကြီးတစ်ကား(သို့မဟုတ်) ဒီဗွီဒီ၊ ဗီဒီယိုကား၂၀ ရိုက်ကူးပြီးစီးသည့် ဒါရိုက်တာများ၊ အဓိကသရုပ်ဆောင် အခြေခံအလွှာ၌ ရုပ်ရှင်ကားကြီး နှစ်ကား(သို့မဟုတ်) ဒီဗွီဒီ၊ ဗီဒီယိုကား ၂၀တွင် အဓိကသရုပ်ဆောင်အဖြစ် သရုပ်ဆောင်ခဲ့သူများ၊ ဇာတ်ပို့၊ဇာတ်ရံအခြေခံအလွှာ၌ ရုပ်ရှင်ကားကြီးသုံးကား(သို့မဟုတ်)ဒီဗွီဒီ၊ဗီဒီယို ကား၃၀တွင် အရေးပါထင်ရှားသော အခန်းများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူများ (ဇာတ်ပို့ဇာတ်ရံများ)၊ ပြဇာတ်နှင့် ရုပ်ရှင် နောက်ခံတေးဂီတအခြေခံအလွှာ၌ ရုပ်ရှင်ပြဇာတ်ငါးထုပ်တွင် ပါဝင်ဆောင်ရွက် ကပြခဲ့သူများနှင့် ရုပ်ရှင်သုံးကား(သို့မဟုတ်) ဒီဗွီဒီ၊ ဗီဒီယိုဆယ်ကားတွင် နောက်ခံတေးဂီတ တီးခတ်ပြီးသူများ၊ ထုတ်လုပ်သူများ အခြေခံအလွှာ၌ ရုပ်ရှင်ဇာတ်ကားကြီး တစ်ကား ထုတ်လုပ်ခဲ့ပြီးသူများ၊ စက်မှုလက်မှု အခြေခံအလွှာ၌ ရုပ်ရှင်ဇာတ်ကားကြီး တစ်ကား (သို့မဟုတ်) ဒီဗွီဒီ၊ဗီဒီယိုကား ၂၀ (သို့မဟုတ်) ကာရာအိုကေကား ၂၀၊ ကြော်ငြာ၂၀တွင် ရိုက်ကူးခဲ့သော ကင်မရာမင်းများ၊ ရုပ်ငြိမ်ဓာတ်ပုံဆရာများ၊ မီးထိုးမှန်ထိုး လုပ်သားများ၊ စက်မှု လုပ်သားများ၊ တည်းဖြတ်၊ မှတ်တမ်းအခြေခံအလွှာ၌ ရုပ်ရှင်ကားကြီးတစ်ကား(သို့မဟုတ်)ဒီဗွီဒီ၊ဗီဒီယို ၁၀ကား တည်းဖြတ်ခဲ့သော အယ်ဒီတာများ၊ ရုပ်ရှင်ကားကြီးသုံးကား(သို့မဟုတ်)ဒီဗွီဒီ၊ ဗီဒီယို ၁၅ကားတွင် မှတ်တမ်း၊ကလက်ဆောင်ရွက်ခဲ့သူများ၊ အုပ်ချုပ်၊ဖြန့်ချိ၊ ပြသအခြေခံအလွှာ၌ လုပ်သက် နှစ်နှစ်ပြည့်ပြီးသည့် ရုပ်ရှင်၊ဗီဒီယိုကားရိုက်မန်နေဂျာများ၊ ရုပ်ရှင်၊ ဗီဒီယိုကားငှား မန်နေဂျာများ၊ ရုပ်ရှင်ကားထုပ် ကိုယ်စားလှယ်များ (နယ်လှည့်အော်ပရေတာများ)၊ ရုပ်ရှင်ရုံပိုင်ရှင်များ၊ ရုပ်ရှင်ရုံများကို နှစ်ရှည်ငှားရမ်းလုပ်ကိုင်နေသူများ၊ ဗီဒီယိုအခြေခံအလွှာ၌ ဒီဗွီဒီ၊ ဗီဒီယိုဇာတ်ကား ၁၀ကား ထုတ်လုပ်ပြီးသူများ၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို) အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အခြေခံအဖွဲ့အမှုဆောင်များ ဖြစ်ကြသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်၁၆ ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၄၄၂၇၁သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

မန်ယူနောက်ခံလူ ဂီရတ်ပီကွီအား ရီးရဲဇာရာဂိုဇာသို့ အငှားချမည်

မန်ယူနောက်ခံလူ ဂီရတ်ပီကွီအား စပိန်ကလပ်ရီးရဲဇာရာဂိုဇာအား လာမည့် လာလီဂါဘောလုံးရာသီအတွက် အငှားချထားမည်ဖြစ်ကြောင်း မန်ယူနှင့် ရီးရဲဇာရာဂိုဇာကလပ်များက ပြောကြားသည်။

ဂီရတ်ပီကွီသည် ပိုလန်နိုင်ငံ၌ကျင်းပသည့် အသက် ၁၉ နှစ်အောက် ဥရောပချန်ပီယံလိဂ်တွင် စပိန်အသင်း ဖိုလ်စွဲနိုင်အောင် စွမ်းဆောင်ခဲ့ပြီး မန်ယူသို့ ရောက်လျှင်ရောက်ချင်း ယခုကဲ့သို့ အငှားချထားလိုက်ခြင်း ဖြစ်သည်။

ဂီရတ်ပီကွီသည် ပြီးခဲ့သည့် ပရီမီယာလိဂ်၌ မန်ယူအတွက် ခုနစ်ပွဲကစားပေးခဲ့သူဖြစ်သည်။ ပွဲချိန်ပြည့် ကစားခဲ့ရသည့်ပွဲမှာ ဝက်စ်ဟမ်းနှင့်ပွဲစဉ်၌ ဖြစ်သည်။

မာဆေးမှ အာဂျင်တီးနားတိုက်စစ်မှူး ခရစ်စတင်းဂီမီနက်စ် ဟာသာဘာလင်သို့ အငှားချမည်

မာဆေးကလပ်မှ အာဂျင်တီးနားတိုက်စစ်မှူး ခရစ်စတင်းဂီမီနက်စ်အား ဟာသာဘာလင်ကလပ်သို့ တစ်နှစ်စာချုပ်ဖြင့် အငှားချထားရန် မာဆေးနှင့် ဟာသာဘာလင်ကလပ်တို့ သဘောတူညီလိုက်ပြီ ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိ ခရစ်စတင်းဂီမီနက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ မာဆေးအတွက် ၂၁ ပွဲကစားခဲ့ပြီး တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ဆွစ်ဇာလန်နိုင်ငံ အက်ဖ်စီဘာဆယ်လ်အတွက် ၁၂ ပွဲကစားခဲ့စဉ်က ၈၂ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဂိုးအများဆုံးသွင်းသူဆု သုံးကြိမ် ရရှိခဲ့သူဖြစ်သည်။

ပြင်သစ်နောက်ခံလူ ပါစကယ် တော့တင်ဟမ်သို့ပြောင်းဖွယ်

ဝီဂန်အသင်းမှ ပြင်သစ်နောက်ခံလူပါစကယ်ချင်ဘွန်ဒါသည် ယခုပရီမီယာလိဂ်မတိုင်မီ တော့တင်ဟမ်သို့ ပြောင်းရွှေ့တော့မည်ဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ပါစကယ်ချင်ဘွန်ဒါက ယခု ကဲ့သို့ ပြောင်းရွှေ့ကစားရမှုကို မိမိသဘောကျကြောင်း၊ သို့သော်လည်း ဝီဂန်ကလပ်အနေဖြင့် မိမိ၏ပြောင်းရွှေ့ခတောင်းဆိုမှုများနေကြောင်း၊ ပြောင်းရွှေ့ခပေါင်ငွေ ၅ ဒသမ ၂၅ သန်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပါစကယ်ချင်ဘွန်ဒါသည် ပြီးခဲ့သည့် ပရီမီယာလိဂ်၌ အကောင်းဆုံး နောက်တန်း ညာအစွန်ကစားသမားအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသူ ဖြစ်သည်။ တော့တင်ဟမ်က ပြောင်းရွှေ့ခ ပေါင် ၃ ဒသမ ၇၅ သန်းခန့်သာပေးနေသဖြင့် ဈေးနှုန်းညှိနှိုင်းလျက်ရှိသည်။

ရေးယက်စ်က ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေဆဲဖြစ်

မိမိအနေဖြင့် စပိန်ကလပ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေဆဲပင်ဖြစ်ကြောင်း အာဆင်နယ် တိုက်စစ်မှူး ရေးယက်စ်က ပြောကြားလိုက်သည်။



ရေးယက်စ်

ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့ရန်မှာ အခက်အခဲရှိနေကြောင်း၊ မိမိဆန္ဒမှာ ရီးရဲမက်ဒရစ်၌ ကစားချင်နေကြောင်း၊ မိမိ၏ပြောင်းရွှေ့ကစားလိုသည့် ဆန္ဒအပေါ် အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးက မည်သို့မျှ သဘောထားမှတ်ချက်မပေးကြောင်း၊ မိမိအနေဖြင့် အာဆင်နယ်တွင် ကစားရသည်မှာပျော်ကြောင်း၊ တစ်ချိန်တည်းမှာပင် ရီးရဲမက်ဒရစ်သို့လည်း သွားရောက်ကစားခြင်နေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်အသင်းနောက်ခံလူ ပိုပေ အနားယူပြီ

အမေရိကန်လက်ရွေးစင် ဘောလုံးအသင်းမှ နောက်ခံလူ အိဒ်ဒိုင်ပိုပေသည် နိုင်ငံတကာ ဘောလုံးသမားဘဝနှင့် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူလိုက်ပြီ ဖြစ်ကြောင်း ပြောကြားသည်။

မိမိအနေဖြင့် အမေရိကန် အသင်းနှင့်အတူ ကမ္ဘာ့ဘောလုံးပြိုင်ပွဲ သုံးကြိမ်ကစားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတာဝန်ကျေခဲ့ပြီဖြစ်ကြောင်း၊ အသင်းမှအနားယူရန် ဆုံးဖြတ်ခြင်းသည် မှန်ကန်သည်ဟုယူဆကြောင်း အိဒ်ဒိုင်ပိုပေက ပြောကြားသည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဆင်နွှဲရန် အောင်မြင်မှုမရခဲ့သည့် အမေရိကန်အသင်း၌ ပိုပေသည် သုံးဦးမြောက် အသင်းမှအနားယူနုတ်ထွက်သူ ဖြစ်သည်။

အမေရိကန်ဘောလုံးအသင်းမှ နုတ်ထွက်သူများမှာ ကပ္ပတိန် ကောဒိုင်ရိုရေးနာနှင့် တိုက်စစ်မှူး မက်ဘရစ်တို့ ဖြစ်သည်။

ရိုင်ယန်ဂစ်အား ယူနီဆက်သံတမန်ခန့်အပ်

မန်ယူကွင်းလယ်ကစားသမား ရိုင်ယန်ဂစ်အား ယူနီဆက် သံတမန်တစ်ဦးအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၃ ရက်က အဆိုပါသံတမန်ခန့်အပ်မှုကို တရားဝင် ထုတ်ပြန်လိုက်သဖြင့် မန်ယူကလပ်၏ ယူနီဆက် ကိုယ်စားလှယ်တစ်ဦးအဖြစ် ခြောက်နှစ်တာကာလအတွက် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ရိုင်ယန်ဂစ်သည် တောင်အာဖရိကရှိ အေအိုင်ဒီအက်စ် ဆန့်ကျင်ရေးလှုပ်ရှားမှုကို ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

ပြင်သစ်ကွင်းလယ်ကစားသမား ရီဘာရီ မာဆေးကလပ်သို့ ပြောင်းရွှေ့လို

ပြင်သစ်ကွင်းလယ်ကစားသမားရီဘာရီက မိမိအနေဖြင့်မာဆေးကလပ်သို့ပြောင်းရွှေ့ကာ ကစားချင်ကြောင်း ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောကြားလိုက်သည်။

ရီဘာရီ

အသက် ၂၃ နှစ်အရွယ်ရှိ ရီဘာရီသည် လောလောဆယ်တွင် လိုင်ယွန်ကလပ်၌ ကစားနေသူဖြစ်ပြီး ပြင်သစ်အသင်းတွင် ခြေစွမ်းပြကစားနိုင်သူလည်း ဖြစ်သည်။ ရီဘာရီအား အာဆင်နယ်နှင့် မန်ယူတို့ကလည်း ဆက်သွယ်ခဲ့ဖူးကြောင်း သိရသည်။ ။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

မန်ယူက ပေါ်တိုကိုနိုင်သော်လည်း ရွန်နေနှင့် ပေါလ်စခိုးလ် အနီကတ်ပြင့်ထွက်ခဲ့ရ

မြင့်မောင်စိုး

ရေးသားတင်ပြသူ

လန်ဒန် ဩဂုတ် ၅

ဝိန်းရွန်နေနှင့် ပေါလ်စခိုးလ်တို့သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အက်ဖ်စီပေါ်တိုအသင်းတို့ ဩဂုတ် ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ယင်းတို့နှစ်ဦးစလုံး တစ်ဂိုးစီ သွင်းပေးပြီးမှ ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်း





အနီကတ်ကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသော ရွန်နေနှင့် ပေါလ်စခိုးလ်။

(ဓာတ်ပုံ–အင်တာနက်)

ဖြစ်သည်။ ရွန်နေသည် ပီပီကို တံတောင်ဖြင့်တွက်သည်ဆိုသော ပြစ်ချက်ဖြင့် ပွဲချိန် ၄၂ မိနစ်တွင် ဒိုင်လူကြီးက အနီကတ်ပြထုတ်လိုက်ခြင်း ဖြစ်သည်။ ပေါလ်စခိုးလ်မှာ ပွဲချိန် ၆၈ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထွက်ရခြင်းဖြစ်သည်။

ဒိုင်လူကြီး ရှဒ်ဘောဆင်က ယင်းတို့နှစ်ဦးအား အနီကတ်ပြခဲ့သဖြင့် ပရီမီယာရှစ်အဖွင့်ပွဲတွင် အပိတ်ခံရဖွယ်ရှိသည်။

ထိုနေ့တွင် မန်ယူက ပေါ်တိုအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ မန်ယူအတွက် အဖွင့်ဂိုးကို ရွန်နေကသွင်းယူခဲ့ပြီး ဒုတိယမြောက်ဂိုးကို ပေါလ်စခိုးလ်က ကာရစ်၏ ထောင့်ကန်ဘောမှတစ်ဆင့်သွင်းယူခဲ့သည်။ ၎င်းတို့နှစ်ဦးပြိုင်ပွဲမှထွက်သွားပြီးနောက် ဆိုးလ်ရှားက ကိုးယောက်တည်းဖြင့် ကစားချိန်၌ မန်ယူအတွက် တတိယဂိုးသွင်းယူပြလိုက်သည်။ ယင်းနောက် ပွဲသိမ်းနီးချိန်တွင် ပေါ်တိုအသင်းအတွက် နှစ်သိမ့်ဂိုးကို ပီပီက သွင်းယူခဲ့သည်။

ရွန်နေထွက်ရခြင်းမှာ ဘောလုံးကို ခေါင်းခုန်တိုက်ရင်း တံတောင်ဖြင့် တွက်မိခြင်းဖြစ်၍ အနီကတ်နှင့် မထိုက်တန်ကြောင်း မန်ယူမန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။

မန်ယူအသင်းသည် ပရီမီယာရှစ်အဖွင့်ပွဲအဖြစ် ဩဂုတ် ၂၀ တွင် ဖူလ်ဟမ်အသင်းနှင့် ကစားရမည်ဖြစ်၍ ယင်းကစားသမားနှစ်ဦး အပိတ်ခံရမည်ကို စိုးရိမ်စွာဖြင့် စောင့်စားနေသည်။

မန်ယူ၏ ယခုပြိုင်ပွဲသည် အမ်စတာဒမ်ဖိတ်ခေါ်ပြိုင်ပွဲဖြစ်ပြီး ပထမဆုံး ပွဲစဉ်ဖြစ်သည်။ အင်တာမီလန်၊ အေဂျက်ဇ်တို့လည်း ယင်းဖိတ်ခေါ်ပြိုင်ပွဲ၌ပါဝင်သည်။ လေးသင်း ပတ်လည် ပွဲဖြစ်သည်။ ။ **(အင်တာနက်)**

ချန်ပီယံလိဂ်ခြေစစ်ပွဲအကြိုခြေစမ်းပွဲ လီဗာပူးအသင်း မိန့်ဇ်အသင်းကိုဂိုးပြတ်ရှုံးနိမ့်

လန်ဒန် ဩဂုတ် ၅

လီဗာပူးအသင်းသည် ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲမကစားမီ ချစ်ကြည်ရေးပွဲအဖြစ် ဂျာမနီမှ မိန့်ဇ်အသင်းနှင့် ချန်ပီယံလိဂ်ပြင်ဆင်မှုအတွက် ယှဉ်ပြိုင်ကစားခဲ့ရာ မိန့်ဇ်အသင်းအား ငါးဂိုး–ဂိုးမရှိ ဖြင့် အရှုံးကြီးရှုံးခဲ့သည်။

ဩဂုတ် ၄ ရက်က ယှဉ်ပြိုင်ကစားသည့် ထိုပွဲသည် ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေရာမှ ဒုတိယပိုင်းတွင် ဂျာမန်အသင်းက ဖိကစားနိုင်ခဲ့သည်။

ဘွန်ဒက်စလီဂါအသင်းဖြစ်သော မိန့်ဇ်အသင်းသည် ဘင်နီတက်ဇ်က သူ၏လီဗာပူးအသင်း ကစားသမား

အချို့လူလဲကစားပြီးနောက် ငါးဂိုးဆက်တိုက်သွင်းယူခဲ့သည်။ ၂၀၀၅ ခုနှစ်၏ ချန်ပီယံ လီဗာပူးအသင်းသည် တစ်ဂိုးပင် ပြန်မသွင်းနိုင်ခဲ့ပေ။

အမှားများ

လီဗာပူးအသင်းသည် ထိုပွဲ၌ အမှားများနေသဖြင့် အမြန်ဆုံးပုံမှန်ခြေစွမ်းပြန်ရရှိရန် ကြိုးစားရလိမ့်မည်ဟု မန်နေဂျာ ဘင်နီတက်ဇ်က ပြောကြားသည်။

ချန်ပီယံလိဂ် တတိယဆင့် ခြေစစ်ပွဲ ပထမအကျော့ကို ဩဂုတ် ၈၊ ၉ ရက်တွင်ကစားရမည်ဖြစ်သည်။ ဒုတိယအကျော့ကို ဩဂုတ် ၂၂၊ ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နှစ်ပွဲပေါင်းရလဒ် အနိုင်ရသူသည် ချန်ပီယံလိဂ်အုပ်စု ပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ပထမအကျော့တွင် အစ္စရေးမှမက္ကာဘီဟိုင်ဖာအသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အင်္ဂလန်မှ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲအဖြစ် ခရိုအေးရှားအသင်း ဒီနာမိုဇာဂရက်အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အာဆင်နယ်အသင်းသည် ဩဂုတ် ၄ ရက်က ခြေစစ်ပွဲအဖြစ် ဟော်လန်မှ အယ်ကမာအသင်းနှင့် ယှဉ်ပြိုင်ရာ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

(အပေါ်ပုံ) (အင်တာနက်)

စကော့တလန်ဖလားသုံးလုံးယူပေးခဲ့သူ အက်စ်တွန်ဗီလာနည်းပြတာဝန်ခန့်အပ်

လန်ဒန် ဩဂုတ် ၅

အက်စ်တွန်ဗီလာအသင်း မန်နေဂျာသစ်အဖြစ် မာတင်အိုနေးလ်အား ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၅၄ နှစ်အရွယ်ရှိ အိုနေးလ်သည် မန်နေဂျာသစ်ရာထူးကို ပြီးခဲ့သောလက အသင်းမှနုတ်ထွက်သွားသော ဒေးဗစ်အိုလေးရီထံမှ လွှဲပြောင်းယူခဲ့သည်။

အက်စ်တွန်ဗီလာနည်းပြသစ်အိုနေးလ်

အိုနေးလ်သည် ၎င်း၏ ဇနီးကျန်းမာရေးအခြေအနေကြောင့် ၂၀၀၅ ခုနှစ် မေလကတည်းက ဆဲလ်တစ်အသင်းမန်နေဂျာ အဖြစ်မှ အနားယူခဲ့ရာ ဘောလုံးလောကနှင့် တစ်နှစ်ကျော်ကြာ အဆက်ပြတ်နေခဲ့သည်။

၎င်းသည် မြောက်အိုင်ယာလန် ကွင်းလယ်ကစားသမားဟောင်း ဖြစ်သည်။ ဝီကွန်းဘီ၊ လီဆစ္စတာနှင့် ဆဲလ်တစ်အသင်းများကိုကိုင်တွယ်၍ နည်းပြလုပ်ခဲ့သည်။ ဆဲလ်တစ်အသင်းအား ကိုင်တွယ်စဉ် ထိုအသင်းကို စကော့တလန် ပရီမီယာလိဂ် ဖလားသုံးလုံး ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

မွန်ပြည်နယ်ရှိ သံလွင်သဘော်ကျင်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

ပို့ဆောင်ရေးဝန်ကြီးဌာနပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မုတ္တမရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သံလွင်သဘော်ကျင်းရုံးသို့ ရောက်ရှိကြပြီး သံလွင်သဘော်ကျင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ရုံးခန်း၌ သံလွင်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမောင်မောင်အောင်က သံလွင်ဌာနခွဲရှိ ရေယာဉ်များပြေးဆွဲနိုင်မှုအခြေအနေ၊ ခရီးသည်နှင့်ကုန်များတင်ဆောင်နိုင်မှု၊ ရေယာဉ်ခရီးလမ်းအခြေအနေ၊ ရေယာဉ်များအကြီးစားပြင်ဆင်မှု၊ အသေးစားပြင်ဆင်မှုအခြေအနေ၊ ရေယာဉ်များကျင်းတင်ပြင်ဆင်ရန် လျာထားချက်အခြေအနေနှင့် သဘော်ကျင်းနယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကိုလည်းကောင်း၊ ရေကြောင်းဌာနခွဲ(သံလွင်)မှ လက်ထောက် ရေကြောင်းဌာနမှူးချုပ် ဦးစန်းမြင့်က ဘားအံဆိပ်ခံတွဲကို ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေ၊ ဆိပ်ခံတွဲများကြံ့ခိုင်မှုစွမ်းအား အခြေအနေနှင့် ရေယာဉ်အလိုက်ဝန်ထမ်းများ၏ အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် သံလွင်ရိပ်သာခန်းမ၌ သံလွင်ဌာနခွဲအောက်ရှိ ဌာနခွဲတာဝန်ခံများ၊ ရေကြောင်းဌာနခွဲ၊ စက်ဘက်ဌာနခွဲ၊သယ်ယူပို့ဆောင်ရေးဌာနခွဲနှင့် သဘော်ကျင်း ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားပြီး သဘော်ကျင်းဝင်း၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် ဩဂုတ် ၃ရက်တွင် မော်လမြိုင်ဘက်ကမ်းရှိ သံလွင်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာရုံးသို့သွားရောက်ပြီး သံလွင်ဌာနခွဲမှဌာနတာဝန်ခံများ၊ ဘားအံမြို့နယ်မန်နေဂျာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် မန်နေဂျာနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို အသီးသီးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များမှာကြားပြီး ရုံးဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင်၂၂ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် သန္တိသုခ သာသနာ့ ဗိမာန်တော်ကြီး ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ Fisca Enterprises ဦးဆောင်နာယက ဦးမောင်မောင်ကြိုင်က အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

Royal gold Beauty Soap အလှပိုင်ရှင်ရွေးချယ်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

Royal gold Beauty Soapက ကြီးမှူး၍ Miss Royal gold (2006) ပြိုင်ပွဲကို စက်တင်ဘာလတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Tower ၁၀လွှာရှိ Crystal Jade Wedding Hall ၌ ကျင်းပမည်ဖြစ်သည်။

အလှပိုင်ရှင် ရွေးချယ်ပွဲတွင် အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်းရှိ အမျိုးသမီးအပျို(အိမ်ထောင်မရှိသူ)များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အခြေခံပညာအထက်တန်းအဆင့်ရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်ရမည်။

ဩဂုတ် ၇ရက် နံနက် ၉နာရီခွဲတွင် ပြိုင်ပွဲဝင်လျှောက်လွှာ အမှတ်စဉ် ၁၀၂၆၀မှ ၁၀၃၈၀ကိုလည်းကောင်း၊ ဩဂုတ် ၈ရက်တွင် အမှတ်စဉ် ၁၀၃၈၆မှ ၁၀၅၀၁ကိုလည်းကောင်း၊ ဩဂုတ်၉ရက်တွင် ၁၀၅၀၄မှ ၁၀၅၉၁ကိုလည်းကောင်း လူတွေ့စစ်ဆေးပြီး ဆန်ခါတင် ၄၀ကို စတင်ရွေးချယ်၍ ပထမအဆင့်ပြိုင်ပွဲတွင် ၃၀၊ ဒုတိယအဆင့်ပြိုင်ပွဲတွင် ၂၀ရွေးချယ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ပြိုင်ပွဲများကို မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် Miss Royal gold ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ခုနစ်ဦးတို့ကို ရွေးချယ်မည်ဖြစ်သည်။

Miss Royal gold ပထမဆုအဖြစ် ဆုငွေကျပ်၁၀သိန်းနှင့် နိုင်ငံခြားအလည်အပတ်ခရီးဆု၊ ဒုတိယဆုအဖြစ် ဆုငွေကျပ်သုံးသိန်းနှင့် နိုင်ငံခြားအလည်အပတ်ခရီးဆု၊ တတိယဆုအဖြစ် ဆုငွေကျပ်နှစ်သိန်းနှင့် နိုင်ငံခြားအလည်အပတ်ခရီးဆု၊ အထူးဆု ခုနစ်ဦးအတွက် ဆုငွေကျပ်ငါးသောင်းနှင့် လက်ဆောင်ပစ္စည်းများရရှိကြမည်ဖြစ်သည်။ ထို့အပြင် ပထမအဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခြင်းမခံရသည့် ၁၀ဦးအတွက် ဆုငွေကျပ်တစ်သောင်းစီကိုလည်းကောင်း၊ ဒုတိယအဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခြင်းမခံရသည့် ၁၀ဦးအတွက် ဆုငွေကျပ်နှစ်သောင်းစီကိုလည်းကောင်း၊ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ရွေးချယ်ခြင်းမခံရသည့် ၁၀ဦးအတွက် ဆုငွေကျပ်သုံးသောင်းနှင့် လက်ဆောင်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် Royal gold ဆပ်ပြာ ရောင်းအားအကောင်းဆုံးဆုရရှိသည့် အရောင်းကိုယ်စားလှယ်ကြီးများအား ပြိုင်ပွဲပထမ၊ ဒုတိယ၊ တတိယရရှိသည့် အလှပိုင်ရှင်များ၏ နိုင်ငံခြားအလည်အပတ်ခရီးစဉ်တွင် လိုက်ပါခွင့်ရရှိမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖုန်း–၅၅၉၇၄၄သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

Royal gold ဆပ်ပြာသည် အသားအရေခြောက်သွေ့အက်ကွဲခြင်းကို ကာကွယ်ပြီး ပူလောင်ခြင်းမရှိ၊ ခန္ဓာကိုယ်ပေါ်မှ မလိုလားအပ်သော ဘက်တီးရီးယားပိုးမွှားများကို ဖယ်ရှားနိုင်စွမ်းရှိသော ဆပ်ပြာဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းမှာကြားချက် ထပ်ဆင့်ရှင်း

ရန်ကုန် ဩဂုတ် ၅

မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းသည် ဇူလိုင်၁၆ရက်က ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူးများ၊ ခရိုင်ရုံးဝန်ထမ်းများအား ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီးမှာကြားချက်များ၊ ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များအား အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြောကြားပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရွှေစင်ရွှေပြားကပ်လှူရန်နှင့် မသိုးသက်န်းကပ်လှူရန်အတွက် ဦးဝိစာရလမ်း ပင်လုံထိပ်ထားအိမ်ရာ အခန်းအမှတ် ၇၀၁နေ ဦးဒွေးမော်–ဒေါ်ကြူကြူခင်၊ သား မောင်ကျော်ဇင်လတ် မိသားစုက အလှူတော်ငွေကျပ် ၁၂၅၂၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့ထံ အလှူငွေပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ခေတ္တ နယူးယောက်မြို့နေ အလှူရှင်များက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်နှင့် မျက်စိကုလေဆာစက်အတွက် အလှူငွေကျပ် ငါးသိန်းခြောက်သောင်း ငါးထောင်နှင့် အမေရိကန်ဒေါ်လာ ၃၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ကမ္ဘာ့ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁–၈–၂၀၀၆ မှ ၇–၈–၂၀၀၆ အထိ)

World Breastfeeding Week)
(1-8-2006 to 7-8-2006)
Code Watch: 25 Years of Protecting Breastfeeding

မိခင်နို့အစားထိုးကြော်ငြာများ၊ တားမြစ်ချက်ရှိသည်သတိထား

ကျန်းမာရေးဝန်ကြီးဌာန

အလှပိုင်ရှင်ရွေးချယ်ပွဲ ကျင်းပပေးမည့် Royal gold Beauty Soap ကြော်ငြာတစ်ခုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဩဂုတ်၅ရက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင်(ကွက်သစ်)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ ရပ်ကွက်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲနှင့် အဖွဲ့အစည်းအသီးသီးမှ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက်ဖုံးသွန်လဲစစ်၊ဆေးဖျန်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အောင်တေဇလမ်းအတွင်း ဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)





မူးယစ်ကင်းစင် အလှဆင်

မိုးကုတ်မြို့ မြို့မရပ် ဗိုလ်ချုပ်လမ်း အမှတ် ၆၇နေ ဦးဝင်းမောင်–ဒေါ်ကေသွယ်သန့်၊ သမီးသီသီဟန်ထက်၊ သားမောင်ပြည့်စုံဟိန်း မိသားစုနှင့် ကိုထွန်းမြင့် (ယူ၊အက်စ်၊အေ)တို့က ကွယ်လွန်သူ ဦးဖုန်းငွေ၊ ဒေါ်ခင်စုတို့အား ရည်စူး၍ ဆွမ်းပဒေသာပင် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စာကြည့်တိုက်များရှင်သန်ရေး ရေဒီယိုနှင့် စာအုပ်များလှူဒါန်း

တန့်ဆည် ဇူလိုင် ၁၀

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးအတွက် ရေဒီယိုနှင့်စာအုပ်စာစောင်များ စုပေါင်းလှူဒါန်းပွဲအခမ်းအနားကို ဇွန် ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူးမြသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က ရေဒီယို ၂၅လုံးနှင့် စာအုပ်စာစောင်မျိုးစုံ အုပ်၅၅၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန သားငါးပွားများရေး ပသိဆည်အတွင်း ငါးမျိုးများစိုက်ထည့်

တောင်ငူ ဇူလိုင် ၂၈

ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ ပသိဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါဆည်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်**(ဝဲပုံ)**၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသိန်း၊ ခရိုင်ဥက္ကဋ္ဌ(ယာယီ) ဗိုလ်မှူး သိန်းဌေးနှင့် အဖွဲ့ဝင်များ၊ တိုင်းငါးလုပ်ငန်းဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ဝင်း၊ ခရိုင်ဆည်မြောင်း ဦးစီးဌာန ဦးစီးမှူး ဦးဝင်းကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပသိဆည်အတွင်းသို့ ငါးသန်ကောင်ရေနှစ်သိန်းကို စုပေါင်းစိုက်ထည့်ကြသည်။

စိုက်ထည့်

အဆိုပါ ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့်သဘာဝသယံဇာတများတိုးပွား၍ ဒေသခံပြည်သူများ သားငါးဖူလုံစေရေးအတွက် ပသိဆည်သို့ ငါးမျိုးများ စိုက်ထည့်ကြကြောင်း သိရသည်။

(၁၀၃)

ရင်းရင်းနှီးနှီးတွေ့ဆုံ

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ် ဇူလိုင် ၂၀ ရက်က ရေတာရှည်မြို့နယ် အောင်ချမ်းသာစံပြ ကျေးရွာ ကျေးလက် ကျန်းမာရေးဆေးပေးခန်းတွင် စံပြကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင် ၂၀တို့အား ကျန်းမာရေးအခြေအနေကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားစဉ်။ (က–ပ)

စိမ်းလန်းစိုပြည်ရေး

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇူလိုင်၂၈ရက်က ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသက်တင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် မကျီးတန်းကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံရေးအတွက် စက်ရေတွင်း ပြုပြင်ရန် ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအေးကိုတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း(၁၄)ရက်
၇–၈–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မြသက်ချယ်ခရီးသွားလုပ်ငန်း၏ ခရီးစဉ်နှင့် ဝန်ဆောင်မှုများအကြောင်း)
၁၁:၄၀ သုတစုံစွာသိမှတ်စရာ (လူ့ကိုယ်ပွားမွေးမြူ၍ရပြီ–သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ သီချင်းကြီး ပဒေသာ
(၁) ကုန်းဘောင်မြို့(ဘွဲ့)–ဆင်ဖြူကျွန်း သန်းသန်းမြင့်
(၂) ရွှန်းရွှန်းမြသီချင်းခန့်လေးနှင့် ညာသပြေဘောင်ကြိုး–ဦးသိန်းကြွယ်
(၃) အို–မြင်လှည့်စမ်း(ပတ်ပျိုး)–မိုးမိုး
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပထမတန်း–ကာယပညာ–ခေါင်းပေါ်ကျော်ပေးကစားနည်း)

ညနေပိုင်း

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်ပါဠိနှင့်အနက်
၁၆:၁၅ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) အဘိုးရဲ့လယ်စောင့်တဲ
(၂) မြစ်ဝကျွန်းပေါ်ရွာကလေး
(၃) တောသူအချစ်
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြွေကိုက်ခံရသူအတွက် ရှေးဦးပြုစုခြင်းများ)(မှူးခန့်–ဆေးတက္ကသိုလ်)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English
၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်တောထွက်ခန်း–ပထမပိုင်း)
၂၀:၃၀ မြန်မာမှု မြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်တောထွက်ခန်း–ဒုတိယပိုင်း) –အဖိတ်နေ့ နှုတ်ဆက်ချက်

မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

မော်လမြိုင် ဇူလိုင် ၂၁

မော်လမြိုင်မြို့ရှိ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက်က မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မိခင်ကြီးဟာဂျီမ ဒေါ်ဟာလီမာအားရည်စူး၍ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းကို အလှူရှင်ဟာဂျီမ ဒေါ်မေရမ် ကရှင်းလင်းတင်ပြပြီး အလှူရှင်ဟာ ဂျီမဒေါ်မေရမ်နှင့် ဟာဂျီမ ဒေါ်အေးမြင့်၊ ညီအစ်မတို့က ဆေးရုံသုံး ဘီးတပ် ကုလားထိုင်နှင့် အသက်ကယ်စမ်းသပ်ကိရိယာတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာ ကျော်သူက လက်ခံယူကြောင်း သိရသည်။

(၁၆၈)

သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ကြို့ပင်ကောက်၌ ရေမြောင်းများတူးဖော်

ကြို့ပင်ကောက် ဩဂုတ် ၂

ကြို့ပင်ကောက်မြို့ သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဘူတာရုံလမ်း၊ ရုံးလမ်းနှင့်အောင်ဒင်လမ်းရှိ ရေမြောင်းများကို ဇူလိုင် ၃၁ရက် နံနက်ပိုင်းက စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရေမြောင်းများ ပြန်လည်တူးဖော်ခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

ကြီးကြပ်

အဆိုပါ ရေမြောင်းများတူးဖော်ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရွှေတောင်မြို့နယ် ကျွန်းတန်းရိုး – မကျီးပေါက်ကုန်းကျေးလက်ကျောက်ချောလမ်းခင်းခြင်းကို ဇူလိုင် ၁၂ ရက်က အမှုဆောင်အရာရှိဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်လွင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

ဧရာဝတီတိုင်း မင်္ဂလာတရားတော်ပြန့်ပွားရေးအဖွဲ့က ဦးစီး၍ ၂၀၀၅ ခုနှစ် မင်္ဂလာတရားတော်ဆုနှင်းသဘင် အခမ်းအနားကို ဇူလိုင် ၁၇ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ မြန်မာနိုင်ငံဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်အမ်ဘီအေ) အသင်းနှစ်တစ်ရာပြည့် အထိမ်းအမှတ် မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင် (ပထမအဆင့်)စာမေးပွဲ၌ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၁) အလယ်တန်းကျောင်းမှ စတုတ္ထတန်း ကျောင်းသူ မမေကဗျာဦး (သရဝဏ်)အား ဧရာဝတီတိုင်း ဥပဒေအရာရှိ ဦးရဲအောင်မြင့်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။ (က-ပ)

မိုင်းဆတ်ခရိုင် ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

မိုင်းဆတ် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးမွမ်းမံသင်တန်း (၁/၂၀၀၆) နှင့်စာကြည့်တိုက်ပညာ ရက်တိုပညာပေးသင်တန်း (၁/၂၀၀၆)တို့ကို ဇူလိုင် ၃ ရက် နံနက်၉နာရီက မိုင်ဆတ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အရှေ့ပိုင်း)လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုးနှင့် မိုင်းဆတ်ခရိုင်ရုံးနှင့် မိုင်းတုံ၊ မိုင်းခတ်၊ ပုံပါကျင်ရုံးများမှ ဝန်ထမ်းများနှင့်ရပ်ကွက်ကျေးရွာစာကြည့်တိုက် ၁၀မှ စာကြည့်တိုက်မှူးများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုးက အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)**ခရိုင်ဦးစီးအရာရှိဦးဝင်းတင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ခရိုင်ပြန်/ဆက်)**

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ နှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင် ၂၃ ရက်က ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ကျင်းပရာ ပဓာနနာယက ဆရာတော် ဦးမဏ္ဍလပဏ္ဍိတ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အမှူးပြုသော သံဃာတော်များထံ အသင်းသူအသင်းသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လက်ဖက်အထွက်တိုးကောင်းမွန်ရေး သင်တန်းဖွင့် မိုင်းငေါ့ကျေးရွာများသို့ ကွင်းဆင်းလက်တွေ့ပို့ချ

မိုင်းငေါ့ ဇူလိုင် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးကျင်းပသော လက်ဖက်တစ်ဧကအထွက်တိုးရေးနှင့် အရည်အသွေး ကောင်းမွန်ရေးသင်တန်းဖွင့်ပွဲကို ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မိုင်းငေါ့မြို့မ ခန်းမ၌လည်းကောင်း၊ ကွမ်းစလန်းကျေးရွာအုပ်စုတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ လည်းကောင်း၊ နမ့်ထွေကျေးရွာအုပ်စုတွင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အချုပ်ခြောက်စက်ရုံ၌လည်းကောင်း၊ မြို့သစ်ကျေးရွာအုပ်စုတွင် ကျေးရွာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လက်ဖက်တာဝန်ခံ ဒေါ်စောယုမော်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်တို့က လက်ဖက်တစ်ဧက အထွက်တိုးရေးနှင့် အရည်အသွေး ကောင်းမွန်စေရေးအတွက် လက်ဖက်ခြံအတွင်း ကွင်းဆင်း၍ လက်တွေ့ပို့ချ ဆွေးနွေးကြသည်။

အဆိုပါသင်တန်းတွင် လက်ဖက်စိုက်တောင်သူ စုစုပေါင်း ၃၅၀ တက်ရောက်ကြသည်။**(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ခရမ်း ဇူလိုင် ၂၀

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ဇူလိုင် ၉ ရက်က ခရမ်း-ပဲခူးကားလမ်းမဘေး ဝဲယာတစ်လျှောက်တွင်ခြံစည်းရိုးကြက်ဆူပင်များစုပေါင်းစိုက်ပျိုးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိကကြီးကြပ်၍ ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

မော်ကျွန်း အထက(၁)အငြိမ်းစားဆရာ ဆရာမများ ကျန်းမာရေးစောင့်ရှောက်မှု ပဒေသာပင်မှ ပူဇော်ကန်တော့

မော်လမြိုင်ကျွန်း ဇူလိုင် ၂၅

မော်လမြိုင်ကျွန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဆရာကြီး ဦးဘဖေ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးစောင့်ရှောက်မှု ထာဝရ ပဒေသာပင်မှ ပဉ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက အထက(၁)ခန်းမ၌ ကျင်းပသည်။

ကန်တော့

အခမ်းအနားတွင် ကျန်းမာရေးစောင့်ရှောက်မှု ထာဝရ ပဒေသာပင် နာယက အထက(၁)ကျောင်းအုပ်ကြီး ဦးထွန်းမြင့်နှင့် ကော်မတီဥက္ကဋ္ဌ ဦးစံသိန်းတို့က ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ ရပ်ဝေးရပ်နီးမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ငွေကျပ် ၂၂ သိန်း ခုနစ်သောင်းဖြင့် ပူဇော်ကန်တော့မှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းသူကျောင်းသားဟောင်းများက ပဉ္စမအကြိမ်မြောက်အဖြစ် ပူဇော်ကန်တော့ကြသည်။**(အပေါ်ပုံ)**

လှူဒါန်းနိုင်

၂၀၀၇ခုနှစ်တွင် ကျင်းပမည့် အထက(၁)စိန်ရတု သဘင်ပွဲတော်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ထာဝရ ပဒေသာပင်တို့အတွက် ကျောင်းသူကျောင်းသားများ ပါဝင်လှူဒါန်းလိုပါက ဦးစိုးပိုင် ဖုန်း-၀၁-၃၇၅၆၈၀၊ ဦးစိုးမြင့် ဖုန်း-၀၁-၂၂၆၄၁၉နှင့် ဦးစံသိန်း မော်လမြိုင်ကျွန်းမြို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၉၇)**

မင်းဘူး(စကု)မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မူလတန်းကျောင်းများသို့ စာသင်ခုံနှင့်အလှူငွေပေးအပ်

မင်းဘူး(စကု) ဩဂုတ် ၁

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးကိုလေး၊ မင်းဘူး(စကု) မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်လွင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော စာသင်ခုံ ၇၂ စုံအား သဘော်ကျွန်း၊ ကမ်းနီ၊ ရေနံပြင်၊ ဇရပ်ကြီး၊ ပန်းလွှား၊ ကျောက်စံ၊ ထုံးမကြီး၊ အင်ပင်လှ၊ တောဘို့ကုန်း၊ ကျောင်းရွာ၊ လက်ခုပ်ပင်၊ ကြာကန်၊ အလံပယ်၊ ရှုံ၊ ဥယျာဉ်ဇင်နှင့် မန်ကျီးကျေးရွာတို့အား ခွဲဝေလှူဒါန်းကာ ကန်ဘဲ့မကျဉ်းချောင်း ကျောင်းသွပ်မိုးရန်အတွက် ငွေကျပ် ၁၂၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံများ လှူဒါန်းခြင်းအတွက် မင်းဘူး(စကု)မြို့နယ် ပညာရေးဌာနကိုယ်စား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၃၄၈)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ဇူလိုင် ၁၅ရက်က မြောင်းမြ-ကုန်းသာကျေးလက် လမ်းတွင် ကတ္တရာဖြင့် လမ်းပေါက်ဖာထေးခြင်းနှင့် လမ်းပခုံးတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင် အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ် စည်ပင်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်လျက် ရှိသော ပြင်းထိန် ဝေဒီလမ်း ပေါ် ရှိ သစ်သား တံတား အမှတ်(၂)လုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၂၁ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးပြည်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏
(၂၁)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ–(၂၀၀၆)
Twenty First Gems & Jade Sales of The Union of Myanmar Economic Holdings Limited

၁။ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကို ၂၈–၈–၂၀၀၆မှ ၁–၉–၂၀၀၆ရက်နေ့အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

(က) ၂၈–၈–၂၀၀၆ရက်နေ့မှ ၃၀–၈–၂၀၀၆ရက်နေ့အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) ၃၁–၈–၂၀၀၆ရက်နေ့မှ ၁–၉–၂၀၀၆ ရက်နေ့အထိ Bargain and Auction စနစ်များဖြင့် ရောင်းချခြင်း။

၂။ ဝယ်လိုသူများသည် ၂၆–၈–၂၀၀၆ ရက်နေ့မှ စ၍ မှတ်ပုံတင်ကြေး နိုင်ငံသားကျပ်၁၀၀၀၀၊ နိုင်ငံခြားသားသတ်မှတ်ထားသော နိုင်ငံခြားငွေဖြင့် အတူ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်ပါသည်။

၃။ ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များမှလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ၁–၈–၂၀၀၆ ရက်နေ့မှ ၁၆–၈–၂၀၀၆ ရက်နေ့အတွင်း လာရောက် အပ်နှံနိုင်ပါသည်။

၄။ ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ၀ ဒသမ ၄ ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိငွေ (နိုင်ငံခြားငွေဖြစ်ပါက တစ်ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေဖြစ်ပါက သုံးရာခိုင်နှုန်း) ကို ကော်မရှင်ခအဖြစ်လည်းကောင်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာရူဘီအင်တာပရိုက်(စ်)[ကျောက်မျက်ရတနာ]ကုမ္ပဏီလီမိတက်
အမှတ်၂၄/၂၆(ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ)၊
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၃၇၁၀၅၃၊ ၃၇၀၅၆၁၊
မြန်မာအင်ပီရီရယ်(လ်)ဂျိတ်[ကျောက်မျက်ရတနာ]ကုမ္ပဏီလီမိတက်
အမှတ်၂၄/၂၆(ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ)၊
ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၃၇၁၀၂၇၊ ၃၇၀၅၆၄။





ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၉)
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်–၇၈၉

၁။ ဦးအေဂျီးဇက် **နှင့်** ဦးဆွင်ဆိုင်(ခ)ဦးစိုးလွင်
၂။ ဦးကိုကိုတင်
၃။ ဦးထိန်လင်း
တရားလို **တရားပြိုင်**

အထက်ပါအမှုမှ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ၊ ကညင်ပင်လမ်း၊ အမှတ်(၅)နေ တရားပြိုင်ဦးဆွင်ဆိုင်(ခ)ဦးစိုးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးအေဂျီးဇက်ပါ(၃)က ၉–၂–၂၀၀၆ ရက်စွဲပါ လုပ်ငန်းလွှဲအပ်ပေးခြင်းနှင့် အကျိုးခံစားခွင့်ခွဲဝေပေးရန် သဘောတူ ကတိစာချုပ်ပါ သဘောတူညီချက်များကို ဖောက်ဖျက်သည့်အတွက် ငွေကျပ် ၂၉၁၆ ဒသမ ၆၅ သိန်းပေးလျော်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ (၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၇ ရက်)နေ့မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ဤတရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

စစ်တင်
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

ဘွဲ့ယူမည့် မောင်/မယ်များအတွက် သတင်းကောင်း
မြန်မာ့ကုန်တိုက် ဘွဲ့ဝတ်စုံလုပ်ငန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးကျသစ်လွင်သော ဘွဲ့ဝတ်စုံများကို ရုံးချိန်အတွင်း ငှားရမ်း/ရောင်းချပေးနေပါပြီ။

ငှားရမ်းခနှုန်း
ရိုးရိုးဘွဲ့–ကျပ် ၉၀၀
မဟာဘွဲ့–ကျပ် ၁၀၀၀
အမှတ် ၅၄၊ ဗိုလ်ရွှေလမ်း (ယခင်မောင်ခိုင်လမ်း)လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၂၅၂၈၅၁၊ ၀၁–၃၈၆၉၃၁။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆အရ)
မိတ္ထီလာခရိုင်နယ်တရားမရုံးတော်၌
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်–၂၃

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးအောင်ထွန်း
မိတ္ထီလာမြို့ ၂။ ဒေါ်ပြုံးပြုံးကြည်
(၎င်းဘဏ်ကိုယ်စားခရိုင်မန်နေဂျာ)
တရားနိုင် **တရားရှုံး**

မိတ္ထီလာခရိုင်တရားရုံး၏ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်–၁၈၁တွင် ချမှတ်ထားသောဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန် ငွေကျပ် ၁၅၁၂၅၆၄ ကျပ် ၁၃ ပြား (ကျပ်တစ်ဆယ့်ငါးသိန်း တစ်သောင်းနှစ်ထောင်ငါးရာခြောက်ဆယ့်လေးနှင့် တစ်ဆယ့်သုံးပြားတိတိ)ကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(ဇ/ပြည်သာယာမြောက်)၊ မြေကွက်အမှတ်(၁၇၆) မြေချိန်ဧရိယာ ၀ဒသမ ၀၄၂ဧကရှိမြေနှင့် ၎င်းမြေပေါ်ရှိ (၂၄ x ၂၇)ပေရှိ လူနေတစ်ထပ်တိုက်၊ တွင်ခုံတစ်လုံး၊ သံဂဟေအိုးတစ်လုံး။

လေလံကြမ်းခင်းဈေး–ကျပ် ၂၃သိန်း(ကျပ်နှစ်ဆယ့်သုံးသိန်းတိတိ)
လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

မြင့်မြင့်စန်း(တ/၁၅၁၂)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၂၁၅ Loncia 110 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမောင်နီ မှတ်ပုံတင်အမှတ် ၁/မကန (နိုင်) ၀၂၁၇၇၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊(မြစ်ကြီးနားမြို့)။

ကန့်ကွက်နိုင်ကြောင်း သတိပေးကြော်ငြာချက်

ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၄)ရပ်ကွက် လမ်း ၂၀ အမှတ် ၁၄၁ မြေညီထပ်တိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို တိုက်ခန်းပိုင်ရှင် ဦးစန်းအောင်၏ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအေးမြင့် ၁၂/ပဇတ(နိုင်) ၀၁၂၀၀၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးအနက် တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးစိုးဝင်း B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ (၂၄၂၉)
အမှတ် (၉/၁၁) ပထမထပ်၊
အခန်း ၁၀၁/စီ၊ ၃၆ လမ်း(လမ်းတို)
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင်ကျောင်းဆောင် အတွက် ဇူလိုင်၁၇ရက်က တောင်ဥက္ကလာပမြို့နယ် ဇာနည် ၁၅ လမ်း အမှတ်၄၉၈နေ ဦးစိုးမြင့်–ဒေါ်ညွန့်ကြည်၊သမီး မသင်းစိုးကြည် (ပြည့်စုံအထည်ဆိုင်)မိသားစုက အလှူငွေကျပ် နှစ်သိန်း ဆက်ကပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (Per. Ph. D)က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်တော်မူစဉ်။ (က–ပ)

နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် ဩဂုတ် ၅

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက်က အမှတ်(၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းဦးနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးတို့က နယ်လှည့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းကွက်သစ်ရပ်ကွက် ဗညားဒလလမ်း အမှတ် ၄၁၆ နေ ဒေါ်နွဲ့နွဲ့ဝင်းအားရည်စူး၍ ဦးအုန်းမောင်–ဒေါ်လှလှ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်္ဃန်းကျွန်းရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်း မြို့ နယ် ရန်အောင် ရပ်ကွက် အ မ က (၃၂) မှ ချို့တဲ့ ကျောင်းသား ကျောင်းသူ ၃၄ ဦး အတွက် ဦးခင်မောင်အေး (CB- BANK ဥက္ကဋ္ဌ)နှင့် ဒေါ်ဝင့်ရည်အေးမိသားစုက ၂၀၀၆–၂၀၀၇ပညာသင်နှစ် တတိယ အကြိမ်မြောက် လှူဒါန်းသည့် ငွေကျပ် သုံးသိန်း တန်ဖိုး ရှိ ကျောင်းဝတ်စုံ နှင့် ကျောင်းသုံး ပစ္စည်း မျိုးစုံကို ဇူလိုင် ၃၀ ရက်၌ သဃ်္ဃန်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမာသိန်းက ကျောင်းသားတစ်ဦးအား ပေးအပ်စဉ်။ (က–ပ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည်နိုင်ငံတကာအဆင့်မီလေဆိပ်ဖြစ်သည်နှင့်လျော်ညီစွာ သန့်ရှင်းလှပရေးနှင့်လေယာဉ်များစိတ်ချလုံခြုံစွာဆင်းတက်နိုင်ရေးစံချိန်စံညွှန်းမီတည်ဆောက် လေဆိပ်အဆောက်အအုံနှင့်တိုးချဲ့လေယာဉ်ပြေးလမ်းကိုတစ်ပြိုင်တည်းပြီးအောင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားသတင်းအညွှန်း

အနောက်အင်အားကြီးနိုင်ငံတစ်ခုက မိမိတို့မြန်မာနိုင်ငံအပေါ် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရာတွင် အားအနည်းဆုံးနိုင်ငံအဖြစ် တစ်ဖက်သတ် စွပ်စွဲနေခြင်းမှာ မှန်ကန်မှုမရှိဘဲ မြန်မာနိုင်ငံသည် လူမှောင်ခိုနှင့် လူကုန်ကူးမှုကို ဒေသအတွင်း၌ပင် ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်သော နိုင်ငံဖြစ်သည်မှာ သိသာထင်ရှား။

ခင်ယွန်းစံ ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အားထုတ်ကြိုးပမ်းစွမ်းဆောင်မှုများ (၃) (စာ – ၈၊ ၉)

မန်ယူနှင့် ပေါ်တို ယှဉ်ပြိုင်သည့်ပွဲ ရွန်နေနှင့် ပေါလ်စခိုးလ် အနီကတ်ဖြင့် ထွက်ရ။

အာဆင်နယ်နှင့် အယ်လ်ကမာအသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိ။

ကမ္ဘာတစ်လွှား အားကစား (စာ - ၁၃)

ဩဂုတ် ၅ရက် မိုးရွာသွန်းလေသမျှ	
မော်လမြိုင်	၂ ဒသမ ၉၆ လက်မ
မြိတ်	၂ ဒသမ ၂၀ လက်မ
ကော့သောင်း	၁ ဒသမ ၉၆ လက်မ
မောင်တော	၁ ဒသမ ၅၄ လက်မ
ဟားခါး	၁ ဒသမ ၄၂ လက်မ
မုံရွာ	၁ ဒသမ ၂၆ လက်မ

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာ ပါတီနှင့်ခေါင်းဆောင်များအပေါ်ယုံကြည်မှုမရှိတော့ ရွှေဘိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၁ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၅

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော တည်ပင်ကျေးရွာအုပ်စု ထူးကြီးကျေးရွာမှ ဦးဝင်းအောင်၊ ဦးကြွယ်၊ သံပရာခြံကျေးရွာမှ ဦးဖိုးအေး၊ တည်ပင်ကျေးရွာမှ ဦးလှမြင့်၊ ဦးမေး၊ ဦးကြည်အောင်၊ ဦးအောင်ခင်၊ ဦးဖိုးဆန်း၊ ဦးခဲ၊ ကျားကျေးရွာအုပ်စုမှ ဦးမြင့်ဝေနှင့် ဦးဘမင်းတို့သည် ဇူလိုင်၁၉ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေဘိုမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာခြင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှု၊ လေးစားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**